# ဒီမိုကရက်တစ် မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
# ဒီဇင်ဘာ ၂၀၀၅

#######################################################################

ဒေါ်စုအား အကျယ်ချုပ်သက်တမ်းတိုးလိုက်သည့်အပေါ် ဒက္ကာမြို့၌ ဆန္ဒပြ ၂၊ဒီဇင်ဘာ၊၂၀၀၅
ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်သက်တမ်းတိုးခြင်းကိုမိတ္ထီလာခရိုင်အဖွဲ့ချုပ်မှ ရှုတ်ချ၂၊ဒီဇင်ဘာ၊၂၀၀၅
မစုစုနွေး၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ဟု မြန်မာတိုင်မ်းစ်တွင် ဖော်ပြ ၄၊ဒီဇင်ဘာ၊၂၀၀၅
အဖွဲ့ချုပ်အားကူညီသူ ရေဦးမြို့မှ ဦးကျော်လှိုင်ကို နအဖက ထောင်ချ ၅၊ဒီဇင်ဘာ၊၂၀၀၅
**ILO** နှင့် ဆက်သွယ်မှုဖြင့် ဖမ်းဆီးထောင်ချခံရသူများ ယခုထိ ထောင်ဝင်စာတွေ့ခွင့်မရ ၆၊ဒီဇင်ဘာ၊၂၀၀၅
ဦးသိန်းလွင်ဦးအပါအဝင် (၉) ဦးကို ထောင်ဒဏ်များ ချမှတ် ၇၊ဒီဇင်ဘာ၊၂၀၀၅
**ILO** နှင့် ပတ်သက်ခဲ့သူများ၏ထောင်တွင်း ကျန်းမာရေးအခြေအနေ ၇၊ဒီဇင်ဘာ ၊၂၀၀၅
ဦးခွန်ထွန်းဦးအတွက် အယူခံဝင်နိုင်ရန် မိသားစုနှင့် ရှေ့နေများ ကြိုးပမ်း ၇၊ဒီဇင်ဘာ၊၂၀၀၅
စုစုနွေးကို နော်ဝေးရောက် မြန်မာများက ဂုဏ်ပြု ၈၊ဒီဇင်ဘာ၊၂၀၀၅
ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပသူများအား နအဖ ဖမ်းဆီး ၈၊ဒီဇင်ဘာ၊၂၀၀၅
ဦးကျော်ဆွေအား မုံရွာထောင်မှ ကလေးထောင်သို့ ပြောင်းရွှေ့ ၉၊ဒီဇင်ဘာ၊၂၀၀၅
ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးရန် နိုဘယ်လ်ဆုရှင်မှတိုက်တွန်း၁၀၊ဒီဇင်ဘာ၊၂၀၀၅
မစုစုနွေးကျန်းမာရေးအခြေအနေ ဆိုးရွား၁၀၊ဒီဇင်ဘာ၊၂၀၀၅
ဦးကျော်ဆွေနှင့်ကိုညွန့်အောင်တို့အား ကလေးထောင်သို့ပြောင်းရွှေ့၁၂၊ဒီဇင်ဘာ၊၂၀၀၅
ဦးခွန်ထွန်းဦးအား မိသားစုနှင့် တွေ့ခွင့်ပြု ၁၂၊ဒီဇင်ဘာ၊၂၀၀၅
ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် အာဆီယံတောင်းဆို ၁၂၊ဒီဇင်ဘာ၊၂၀၀၅
ဗိုလ်ချုပ်ဆေထင်အား မိသားစုနှင့်တွေ့ခွင့်မပြု ၁၃၊ဒီဇင်ဘာ၊၂၀၀၅
စဝ်သာဦးတို့ (၂) ယောက် အယူခံဝင်ရေး အခက်တွေ့ ၁၄၊ဒီဇင်ဘာ၊၂၀၀၅
သတင်းစာဆရာများအား ထောင်ချသည့်စာရင်းတွင် မြန်မာ ပဥ္စမ ၁၄၊ဒီဇင်ဘာ၊၂၀၀၅
(၈၈) ကျောင်းသားခေါင်းဆောင် ကိုမြတ်စံ ပြန်လည်လွတ်မြောက် ၁၄၊ဒီဇင်ဘာ၊၂၀၀၅
ဦးခွန်ထွန်းဦး ရှေ့နေများ မိသားစုဝင်များနှင့် မိနစ် (၃၀) ကြာ တွေ့ခွင့်ရ ၁၆၊ဒီဇင်ဘာ၊၂၀၀၅
ဦးသိန်းလွင်ဦး အပါအဝင် (၉) ဦးအားမိသားစုနှင့်တွေ့ခွင့်ပြု ၁၇၊ဒီဇင်ဘာ၊၂၀၀၅
ကိုကျော်ဆွေနှင့်ကိုညွန့်အောင်တို့၏ကျန်းမာရေး စိုးရိမ်ရ ၁၉၊ဒီဇင်ဘာ၊၂၀၀၅
ဗိုလ်ချုပ်ဆေထင်အား မိသားစုများ ရှေ့နေများနှင့်တွေ့ခွင့်ပြု ၁၉၊ဒီဇင်ဘာ၊၂၀၀၅
ဦးသိန်းဇံနှင့် အခြား (၂) ဦး၏ အမှုကို တရားရုံးက ရုံးချိန်းရွှေ့ ၁၊ဒီဇင်ဘာ၊၂၀၀၅
ဦးအေးမြင့် လွတ်မြောက်ရေးအတွက် အယူခံတင်သွင်းတော့မည် ၂၀၊ဒီဇင်ဘာ၊၂၀၀၅
ပဲခူးထောင်၌ နိုင်ငံရေးအကျဉ်းသား ကိုအောင်ဇော်လတ် ကွယ်လွန် ၂၀၊ဒီဇင်ဘာ၊၂၀၀၅
ဒေါက်တာဇော်မြင့်မောင်အတွက် နိုင်ငံတကာထံအကူအညီတောင်းရန် အကြံပြု ၂၀၊ဒီဇင်ဘာ၊၂၀၀၅
ကိုအောင်ဇော်လတ် သေဆုံးခြင်း နောက်ဆက်တွဲ ၂၁၊ဒီဇင်ဘာ၊၂၀၀၅
ဒေါ်အောင်ဆန်းစုကြည်အား ချက်ချင်းပြန်လွှတ်ပေးရန် အဖွဲ့ချုပ်မှတရားဝင်တောင်းဆို ၂၂၊ဒီဇင်ဘာ၊၂၀၀၅
ပဲခူးအဖွဲ့ချုပ်ဝင်များမှမစုစုနွေးကို ကျပ် (၃) သောင်းကျော် ပေးအပ်လှူဒါန်း ၃၂၊ဒီဇင်ဘာ၊၂၀၀၅
မစုစုနွေး ထောင်တွင်း၌ ကျန်းမာရေး ဆိုးရွားနေ ၂၄၊ဒီဇင်ဘာ၊၂၀၀၅
ဖားအံထောင်မှ အဖွဲ့ချုပ်လူငယ် ကိုနေကျော် ကျန်းမာရေးဆိုးရွား ၂၆၊ဒီဇင်ဘာ၊၂၀၀၅
ရွှေဂူအဖွဲ့ချုပ်ဝင် (၂) ဦး၏ အား ထပ်မံစစ်ဆေး ၂၇၊ဒီဇင်ဘာ၊၂၀၀၅
ရှမ်းမျိုးဆက်သစ်မှ (၂) ဦးမိသားစုနှင့် တွေ့ခွင့်ရ ၂၈၊ဒီဇင်ဘာ၊၂၀၀၅
စစ်ကြောရေးစခန်းများရှိ နိုင်ငံရေးအကျဉ်းသားများအခြေအနေ ၃၁၊ဒီဇင်ဘာ၊၂၀၀၅

# စာမျက်နှာ ၁

## ဒေါ်စုအား အကျယ်ချုပ်သက်တမ်းတိုးလိုက်သည့်အပေါ် ဒက္ကာမြို့၌ ဆန္ဒပြ

*၂ဒီဇင်ဘာ၊ ၂၀၀၅*

ဒေါ်အောင်ဆန်းစုကြည်အား နအဖက နေအိမ်အကျယ်ချုပ်သက်တမ်းထပ်တိုးလိုက်သည့်ကိစ္စကို ကန့်ကွက်ရှုတ်ချသည့်အနေဖြင့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒက္ကာမြို့၌ ရခိုင်ဒုက္ခသည်များစုပေါင်း၍ ယနေ့ ဆန္ဒပြပွဲပြုလုပ်ခဲ့ကြသည် ဟု သိရပါသည်။ နအဖသံရုံးရှေ့တွင် ဆန္ဒပြရန်ကြိုးစားခဲ့သော်လည်း၊ လုံခြုံရေးတပ်ဖွဲ့များက တားမြစ်ခဲ့ခြင်းကြောင့် နိုင်ငံတကာသံရုံးများအနီး၊ လူစည်ကားရာ ပန်းခြံတခုရှေ့၌ ဆန္ဒပြခဲ့ရသည်ဟု သိရပါသည်။ ဆန္ဒပြရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ကိုနိုင်နိုင်မှ အောက်ပါအတိုင်းပြောပြခဲ့ပါသည်။

ဒီနေ့ ဒီက္ကာမြို့မှာပေါ့နော် ဝန်ကြီးများရုံးရှေ့မှာ ဒေါ်အောင်ဆန်းစုကြည် တနှစ်ထပ်တိုးတဲ့ကိစ္စကို အဓိက ဆန္ဒပြကြပါတယ်။ ပြီးတော့ မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီက ဝင်ရောက်ဖြေရှင်းပေးဖို့ကိစ္စကိုလည်း တောင်းဆိုကြပါတယ်။ ရှမ်းခေါင်းဆောင်တွေ ထောင်ချထားတဲ့ ကိစ္စတွေကိုလည်း ချက်ချင်းလွှတ်ပေးဖို့ တောင်းဆို ကြပါတယ်။ အဓိက ကတော့ ဒီဘက်မှာ လုံထိန်းတွေကတားဆီးပေမယ့် ကျနော်တို့က ရှင်းပြတာပေါ့။ ကျနော်တို့ဟာ ဗမာပြည်ကဒုက္ခသည်တွေပါ၊ ဗမာပြည်မှာ တိုင်းရင်းသားလူမျိုးတွေကို နအဖစစ်အစိုးရက မတော်မတရား ဖိနှိပ်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုလဲ နေအိမ်အကျယ်ချုပ်သက်တမ်းတိုးတယ်။ အဲဒါကြောင့် ဗမာပြည်အရေးကို လုံခြုံရေးကောင်စီက ဝင်ရောက်ဖြေရှင်းဖို့အတွက် ကျနော်တို့ ဆန္ဒပြတဲ့အကြောင်းကို သူတို့ကို ရှင်းပြခဲ့ပါတယ်။” ဒက္ကာမြို့မှ ရခိုင်ဒုက္ခသည်များ၏ ဆန္ဒပြပွဲအကြောင်း ကိုနိုင်နိုင်၏ ပြောပြချက် ဖြစ်ပါသည်။

အစသို့

## ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်သက်တမ်းတိုးခြင်းကိုမိတ္ထီလာခရိုင်အဖွဲ့ချုပ်မှ ရှုတ်ချ

*၂ဒီဇင်ဘာ၊ ၂၀၀၅*

ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်သက်တမ်းတိုးလိုက်သည့်အပေါ် မန္တလေးတိုင်း၊ မိတ္ထီလာခရိုင် အဖွဲ့ချုပ်က ကန့်ကွက်ရှုတ်ချလိုက်ကြောင်းသိရပါသည်။ ယမန်နေ့ကပြုလုပ်သည့် ခရိုင်အဖွဲ့ချုပ် လပတ်အစည်းအဝေးမှ ယခုကဲ့သို့ကန့်ကွက်လိုက်ခြင်းဖြစ်ပြီး၊ အစည်းအဝေးဆုံးဖြတ်ချက်များအကြောင်းကို ခရိုင်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက အောက်ပါအတိုင်းရှင်းပြခဲ့ပါသည်။

“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်ဦးနဲ့ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်တို့အား နေအိမ်အကျယ်ချုပ်ဖြင့်ထိန်းသိမ်းထားခြင်းကို တနှစ်ထပ်မံတိုးမြှင့်ခြင်းအား ကန့်ကွက်ကြောင်းဆုံးဖြတ်သည်။ နိုင်ငံတော်၏ အထွေထွေအကြပ်အတည်းများ ပြေလည်စေရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် ဒေါ်အောင်ဆန်းစုကြည် ၊ ဦးတင်ဦးနှင့် ဦးခွန်ထွန်းဦးအပါအဝင် တိုင်းရင်းသားခေါင်းဆောင်များနှင့်တကွ၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လည်လွှတ်ပေးရန်တောင်းဆိုကြောင်းဆုံးဖြတ်သည်။ ဆုံးဖြတ်ချက် (၄) ။ အိုင်အယ်လ်အိုနှင့်ပူးပေါင်းဆောင်ရွက် မည်ဟူသော ကတိစကားကို အကောင်အထည်ဖေါ်သည့်အနေဖြင့်၊ မစုစုနွေးနှင့် ဒိုက်ဦးမြို့နယ်မှ ဦးအေးမြင့်တို့အား ပြန်လည် လွှတ်ပေးပါရန်တောင်းဆိုကြောင်းဆုံးဖြတ်သည်။ ယနေ့ဒီဇင်ဘာ (၁) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးနေ့တွင် မြန်မာနိုင်ငံအနေဖြင့် ကပ်ရောဂါအသွင်ဖြစ်ပေါ်လာနေ အေအိုင်ဒီအက်စ် ရောဂါတိုက်ဖျက်ရေးအတွက် ပညာပေးအစီအစဉ်များ ကုသရေးအစီအစဉ်များကို အရှိန်အဟုန်မြှင့်တင်၍၊ အေအိုင်အက်စ် တိုက်ဖျက်ရေးအတွက် နိုင်ငံတော်၏ကျန်းမာရေးအသုံးစရိတ်ကိုတိုးမြှင့်သုံးစွဲရန် နအဖသို့ တိုက်တွန်းကြောင်း ဆုံးဖြတ်သည်။”

အစသို့

## မစုစုနွေး၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ဟု မြန်မာတိုင်မ်းစ်တွင် ဖော်ပြ

*၄ဒီဇင်ဘာ၊ ၂၀၀၅*

အဓမ္မလုပ်အားပေးကိစ္စ တိုင်ကြားမှုဖြင့် ထောင်ဒဏ်တနှစ်ခွဲကျခံနေရသည့်၊ ထန်းမနိုင်ရွာသူ မစုစုနွေး၏ ကျန်းမာရေးအခြေအနေကောင်းမွန်နေပါသည်ဟု၊ ပြီးခဲ့သည့်အပတ်ထုတ် မြန်မာတိုင်းစ်ဂျာနယ်၌ အလေးပေးဖော်ပြ ထားကြောင်းသိရပါသည်။ ယင်းမှာ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် **ILO** အစည်းအဝေးအပြီးကာလတွင်၊ တမင်ဖော်ပြ ခြင်းဖြစ်သကဲ့သို့၊ မစုစုနွေးဆေးသောက်ခွင့်မရသည့်သတင်းများအား ဖြေရှင်းသည့်သဘောဖြစ်သည်ဟု ဆိုပါသည်။ မြန်မာ့တိုင်မ်းစ်တွင်ဖော်ပြသည့်အချက်အလက်များနှင့် စုစုနွေး၏ တကယ့်အခြေအနေမည်သို့ကွာခြားသနည်း ဆိုသည် ကို၊

သတင်းထောက် ဦးမောင်မောင်ဟိန်းက အောက်ပါအတိုင်း သတင်းပေးပို့ထားပါသည်။ မြန်မာတိုင်မ်းစ် သတင်းစာ၌၊ မစုစုနွေး၏ကျန်းမာရေးကို ဂရုစိုက်ကြောင်း၊ နိုင်ငံတကာ စီးပွားရေးပိတ်ဆို့ထားမှုကြောင့် မြန်မာနိုင်ငံတွင်အလုပ်သမား များမှာ၊ အလုပ်အကိုင်ရှားပါးနေကြောင်းနှင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် **ILO** နှင့် ပူးပေါင်းဆောင် ရွက်သွားမည် ဖြစ်သည့်အကြောင်း သတင်းဖော်ပြထားပုံကို၊ ရန်ကုန်တွင် ကျောင်းတက်နေသည့် ကော့မှူးမြို့သူတစ်ဦးက ယခုလိုပြောပြပါသည်။

“မစုစုနွေး ကော့မှူးမြို့နယ်၊ ထန်းမနိုင်ကျေးရွာကလေ။ ကျန်းမာရေးလိုအပ်ချက်ကို စီစဉ်ဆောင်ရွက် ပေးပါတယ်လို့ အထဲမှာရေးထားတယ်။ သူတို့ ရေးထားတာကတော့ သူတို့က **ILO** နဲ့ ဆက်လက်လက်တွဲသွားမယ်၊ အဲဒါ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအမြဲတမ်းကိုယ်စားလှယ် ဦးမြင့်မောင်ရှိန်က၊ နိုဝင်ဘာ (၁၇) ရက်နေ့ ဂျနီဗာမှာ ကျင်းပတဲ့ **ILO** အုပ်ချုပ်ရေးအဖွဲ့ (၂၉၄) ကြိမ်မြောက်အစည်းအဝေးမှာ၊ ပြောသွားတဲ့ဟာတွေ ပြန်ထည့်ထားတာ ပေါ့နော်။ စီးပွားရေးပိတ်ဆို့တာကြောင့် အလုပ်သမားတွေ၊ အလုပ်လက်မဲ့ဖြစ်တယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ပြောသွားတယ်တဲ့၊ အစီရင်ခံစာတင်တာပေါ့နော်။ သူတို့ ကိုလည်း ကူညီဖို့ပေါ့နော်။ **ILO** ကနေပြီးတော့ အဲဒီအကြောင်းတွေ အဲဒီထဲမှာပါတယ်ဆိုပြီး မယ်မယ်ရရ ရေးထားတာ။”

တကယ့်လက်တွေ့တွင် မစုစုနွေး၏ ကျန်းမာရေးအခြေအနေ၊ လိုအပ်သည့်ဆေးဝါးနှင့် အဟာရဖြစ်စေမည့် အစား အသောက်များ ယခုချိန်ထိသွင်းခွင့်မရသေးကြောင်း လက်ရှိအခြေအနေကို ယခုလို ဆက်ပြောပြပါသည်။

“စောစောကလေ ဒေါက်တာတင်မျိုးဝင်းနဲ့ပြနေတာဆိုတော့ ဒေါက်တာတင်မျိုးဝင်းက ဆေးစာကိုရေးပြီးတော့ ပေးတာပေါ့နော်။ ပေးတော့ ဒေါက်တာတင်မျိုးဝင်း ပေးတဲ့ဆေးကိုသုံးလို့မရဘူးပေါ့။ သူရနေကျဆေးတွေ၊ ပေးတဲ့ဆေးတွေ သုံးလို့မရဘူး။ သူက လေးဘက်နာလည်း ရှိတယ်လေ။ အဲတော့ သူ့လက်ကလေးတွေ၊ ခြေထောက်ကလေးတွေ ရောင်ပြီးတော့ကိုက်တယ်တဲ့။ နောက် အစားအသောက်တော့ အိမ်ကပို့တာရယ်၊ ထောင်ကပေးတာရယ် လုံလောက် ပါတယ်လို့တော့ ပြောတယ်ပေါ့နော်။ ဒါပေမယ့် အပြင်ကနေပြီးတော့ သမီးတို့က ပန်းသီးတို့ဘာတို့ ပေးလို့မရဘူး။ ပန်းသီးပေးချင်တာ မရလို့ ပြန်ယူခဲ့ရတယ်။”

မစုစုနွေးကို အဘယ့်ကြောင့် ထောင်ချခြင်းဆိုသည်ကို သတင်းတွင်ဖေါ်ပြထားခြင်းမရှိပါ။ ကော့မှူးမြို့နယ် ထန်းမနိုင် ရွာသူ မစုစုနွေးဟု ဖော်ပြရမည့်အစား၊ မှော်ဘီမြို့နယ်ဟု မြန်မာတိုင်မ်းစ်ဂျာနယ်မှ၊ မှားယွင်းဖော်ပြလိုက် သည့်အပေါ် ကော့မှူးမြို့ နယ်မှ ကျောင်းသူလေးက အခုလိုဝေဖန်ပြောဆိုသွားခဲ့ပါတယ်။

“ဟုတ်တယ်၊ ဒီလောက် တကမ္ဘာလုံးကျော်နေတာကို လူတွေကမှားထည့်တယ်ဆိုတော့၊ ဒါ စဉ်းစားစရာ ပေါ့နော်။ တကယ်ဘဲ သူတို့က စိတ်မဝင်စားလို့ တမင်သက်သက်ပြီးပြီးရောဆိုပြီးတော့ အစီရင်ခံစာကို တင်လိုက် တာလား။ ဒါမှမဟုတ် တကယ်စိတ်ဝင်တစား မှန်အောင်ရေးရဲ့သားနဲ့ စာနယ်ဇင်းက စာစီတဲ့သူကပဲ မှားတာလားတော့ မသိဘူးပေါ့။”

အစသို့

## အဖွဲ့ချုပ်အားကူညီသူ ရေဦးမြို့မှ ဦးကျော်လှိုင်ကို နအဖက ထောင်ချ

*၅ဒီဇင်ဘာ၊ ၂၀၀၅*

အဖွဲ့ချုပ်ကိုထောက်ခံအားပေးပြီး၊ အဖွဲ့ချုပ်လုပ်ငန်းများအား ကူညီဆောင်ရွက်ပေးနေသူ စစ်ကိုင်းတိုင်း ရေဦးမြို့နယ်မှ ဦးကျော်လှိုင်ကို၊ အာဏာပိုင်များက ချဲထီလောင်းကစားမှုဖြင့် ထောင် (၁) နှစ် ချလိုက်ကြောင်း သိရပါသည်။ ကုန်ရောင်း ကုန်ဝယ်လုပ်ကိုင်သူ ဦးကျော်လှိုင်အား အောက်တိုဘာလ (၂၉) ရက်နေ့ညပိုင်းမှာ အာဏာပိုင်များက ဖမ်းဆီးသွားပြီး ချဲမှုဖြင့်ရုံးထုတ်စစ်ဆေးခဲ့ပါသည်။ ထို့နောက် လွန်ခဲ့သည့်အပတ်အတွင်း ထောင် (၁) နှစ်ချလိုက်ခြင်း ဖြစ်ပါသည်။ ဦးကျော်လှိုင်ကို အာဏာပိုင်များက ဖမ်းဆီးထောင်ချလိုက်သည့် ကိစ္စနှင့်ပတ်သက်ပြီး ရွှေဘိုမြို့နယ် အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဝင်းက ယခုလို ပြောပြပါသည်။

“သူထောင်ချခံလိုက်ရတာကတော့ သူကပါတီမှာ၊ တတ်နိုင်သလောက်ပေါ့လေ။ ဝင်လှုပ်ရှားပေးတာပေါ့။ ပါတီ ဝင်မဟုတ်ဘဲနဲ့။ ဈေးသည်တယောက်ပဲ။ ဝင်လှုပ်ရှားနေတော့ သူ့ကို နိုင်ငံရေးမှုနဲ့မချဘဲနဲ့ သူ ကုန်ရောင်းကုန်ဝယ် လုပ်နေတဲ့ ဘောက်ချာစာရွက်တွေထဲက ရာဂဏန်းရေးထားတာတွေကို ချဲတွက်တယ်ဆိုပြီးတော့ လောင်းကစားမှုနဲ့ ချလိုက်တာပဲ။”

ဦးကျော်လှိုင်သည် (၂၀၀၃) ခုနှစ် ဒီပဲယင်းအရေးအခင်းအတွင်းက ယခုကဲ့သို့ ချဲမှုဖြင့် ဖမ်းဆီးထောင်ချခံခဲ့ ရဖူးသည့်အတွက်၊ ယခုကိစ္စသည်လည်း အာဏာပိုင်များအနေဖြင့် ဦးကျော်လှိုင်ကို တမင်အပြစ်ရှာ ဖမ်းဆီးထောင်ချ လိုက်ခြင်းဖြစ်သည်ဟု ဦးတင်ဝင်းက ဆိုပါသည်။

“သူက အရင် (၂၀၀၃) ခုနှစ် ဒီပဲယင်းအရေးအခင်းမှာ ဒေါ်အောင်ဆန်းစုကြည် ရေဦးကိုလာမယ့် အချိန်မှာ

ကြိုဆိုရေးအတွက် သူ့မှာကိုယ်ပိုင်ကား လင့်ရိုဗာလေးရှိတယ်။ အဲဒါကို ပါတီက လွှတ်တော်ကိုယ်စားလှယ်ကိုပေးပြီးတော့ အကူအညီပေးတာပေါ့။ အဲဒီတုန်းကလည်း သူ့ကို ဒီလိုပဲ လောင်းကစားမှုနဲ့ ထောင်ချလိုက်တယ်။ သူ့မှာ ကိုယ်ပိုင်အိမ် တလုံးအပိုရှိတယ်။ လူမနေဘူး။ အဲဒီအိမ်ကို ဝင်ရောက်ပြီးသူတို့ သော့ဖွင့်စစ်ဆေးလိုက်တော့ ဖဲထုပ်အဟောင်းလေး တွေ့တယ်ဆိုပြီးတော့ လောင်းကစားမှုနဲ့ အဲဒီတုန်းက တခါ ထောင်ချခံလိုက်ရတာ။ နောက်ပြန်လွှတ်လာတော့လည်း တတ်နိုင်သလောက်၊ သူနိုင်ငံရေးကိုယုံကြည်ချက်ရှိသလောက် ကူညီပြီးတော့ ပံ့ပိုးလုပ်ကိုင်ပေးနေတာပေါ့လေ။ အခုဟာ လည်း အဲဒီလိုပဲ လောင်းကစားမှုနဲ့ ထောင်ချခံလိုက်ရတယ်။"

ရေဦးမြို့မှ ဦးကျော်လှိုင်အား အာဏာပိုင်များက ဖမ်းဆီးထောင်ချလိုက်သည့် ကိစ္စနှင့်ပတ်သက်၍ ရွှေဘိုမြို့နယ် စည်းအဖွဲ့ဝင် ဦးတင်ဝင်း၏ ပြောပြချက်များ ဖြစ်ပါသည်။ ယခုအတောအတွင်း မုံရွာထောင်၌ ထောင် (၅) နှစ်ကျခံနေရသူ ချောင်းဦးမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဆွေအား၊ ကလေးထောင်သို့ ပြောင်းလိုက်ပြီဆိုသည့် သတင်း ကြားသိရသည့်အတွက် မိသားစုက အလွန်စိုးရိမ်နေသည်ဟု သိရပါသည်။ မုံရွာထောင်နှင့် နီးစပ်သူများ၏ ပြောပြချက်အရ သိရခြင်းဖြစ်ပြီး အတိအကျသိနိုင်ရန်၊ မနက်ဖြန် ထောင်ကိုသွားရောက်စုံစမ်းရမှာဖြစ်သည်ဟု၊ ဦးကျော်ဆွေ၏ဇနီး ဒေါ်စန်းစန်းဝေကပြောပါသည်။ အကယ်၍ ဦးကျော်ဆွေအား ကလေးထောင်ပြောင်း လိုက်သည်ဆိုလျှင်၊ သူ့အနေဖြင့် ထောင်ဝင်စာ လုံးဝသွားတွေ့နိုင်တော့မှာ မဟုတ်ကြောင်း ဒေါ်စန်းစန်းဝေက ယခုလို ပြောပြပါသည်။

"ကျမလုံးဝကို ထောင်ဝင်စာသွားမတွေ့နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျမက ပန်းနာသည်လေ။ အခု လောလောဆယ် ချောင်းဦးနဲ့မုံရွာတောင်မှ ပြီးခဲ့တဲ့အပတ်က ထောင်ဝင်စာသွားမတွေ့နိုင်ဘူး။ ပန်းနာသည်ဆိုတော့ ဆောင်းတွင်း ပိုင်းဆိုရင် ကျန်းမာရေးကတော်တော့်ကိုညံ့နေတာ။ ကျန်းမာရေးအခက်အခဲလည်းရှိတယ်။ တခြားအခက် အခဲဆိုတာကလည်း၊ ကျမတို့က စာအုပ်အငှားဆိုင်လေ **NLD** အတွင်းရေးမှူးဆိုင်ဆိုတော့ ဘယ်သူမှ ဝင်မငှားရဲကြဘူး။ စားဝတ်နေရေး အခက်ခဲလည်းရှိတာပဲ။ ကလေးနှစ်ယောက်က (၇)တန်းနဲ့ (၃) တန်း ဘာမှမလုပ်နိုင်သေးဘူး။ ကျမကိုယ်တိုင်က ကျန်းမာရေးကလည်းမကောင်း၊ ယောကျ်ားထောင်ဝင်စာတွေ့ဖို့ရော၊ ကလေးနှစ်ယောက် စားဝတ်နေရေး၊ ကျန်းမာရေးရော၊ ဘယ်လိုမှအဆင်မပြေဘူး။ အခုက ရာဇဝတ်အကျဉ်းသားတွေရော၊ ရောနေတော့ ရဲဘက်များ ဖြစ်မလားလို့ ကျမ အရမ်းစိတ်ပူတယ်။"

ထောင် (၅) နှစ်ကျခံနေရသူ ချောင်ဦးမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဆွေ၏ ဇနီးဒေါ်စန်းစန်းဝေ၏ စိုးရိမ်မှုများ ဖြစ်ပါသည်။ ဦးကျော်ဆွေအား အဖွဲ့ချုပ်မှ နုတ်ထွက်ရန်၊ နယ်မြေခံအာဏာပိုင်များက ဖိအားပေးခဲ့ပါသည်။ ထိုကိစ္စကို လက်မခံသည့်အတွက်၊ ဦးကျော်ဆွေအား (၂၀၀၄) ခုနှစ် ဒီဇင်ဘာ (၂) ရက်နေ့တွင် ဖမ်းဆီးပြီး၊ အာဏာဖီဆန်မှု၊ လိုင်စင်မဲ့ဆိုင်ကယ်စီးမှု၊ စသည့်ပြစ်မှုများဖြင့် စွဲချက်တင်ထောင်ချထားခြင်းဖြစ်ပါသည်။ နေအိမ်ဝင်းအတွင်း ဘိန်းထုတ်ပစ် ဖမ်းဆီးခံနေရသော ကချင်ပြည်နယ်၊ ရွှေဂူမြို့နယ်မှ အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးကိုကိုမြင့်နှင့် စည်းအဖွဲ့ဝင် ဦးသိန်းဇော်တို့အား ယနေ့ ရုံးထုတ်ခဲ့သော်လည်း၊ အမှုစစ်ဆေးခြင်းမရှိဘဲ၊ ယမန်တပတ်ဖြင့် ဆက်လက်ချုပ်ထားဆဲ ဖြစ်သည်ဟု သိရပါသည်။ ရုံးချိန်းရက်ကို လာမယ့် (၁၉) ရက်နေ့ထိ ရွှေ့ဆိုင်းလိုက်ပြီး သူတို့ (၂) ဦးကို မူးယစ်ဆေးဝါးမှုဖြင့် စွဲချက်တင်နိုင်ရန် အာဏာပိုင်များက ကြိုးစားနေကြောင်း မိသားစုဝင်များ၏ ပြောပြချက်အရ သိရပါသည်။

အစသို့

## ILO နှင့် ဆက်သွယ်မှုဖြင့် ဖမ်းဆီးထောင်ချခံရသူများ ယခုထိ ထောင်ဝင်စာတွေ့ခွင့်မရ

*ဖေဖော်ဝါရီ၊ ၂၀၀၅*

ရန်ကုန် **ILO** ရုံးထံ သတင်းပေးမှု၊ ပြည်ပအခြေစိုက် နိုင်ငံရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်မှု စသည့်စွဲချက်များ ဖြင့် ဖမ်းဆီးထောင်ချခံနေရသူ (၉) ဦးအား၊ ယခုချိန်ထိ ထောင်ဝင်စာတွေ့ခွင့်မရသေးသည့်အတွက် မိသားစုဝင်များ အထူး စိုးရိမ်နေကြသည်ဟု သိရပါသည်။ သူတို့ (၉) ဦးမှာ ပဲခူးမြို့မှ ဦးဝင်းမြင့်၊ ဦးလှမြင့်သန်း ဦးမြင့်လွင်နှင့် ဦးဝေလင်း၊ မြောက် ဥက္ကလာပမှ ဦးသိန်းလွင်ဦး (အသက် (၇၇) နှစ်အရွယ်) ၊ ဦးရဲမြင့်၊ သထုံမြို့မှ ဒေါ်အေးချမ်း၊ ပန်းတနော်မှ ဒေါ်ယဉ်ကြည်၊ ကျောက်တံတားမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ ငွေစာရင်းကိုင် ဒေါ်အေးသီခိုင်တို့ ဖြစ်ပါသည်။ ဖခင် ဦးသိန်းလွင်ဦးနှင့် အတူ အဖမ်းခံခဲ့ရသည့် ကိုအောင်မြင့်သိန်းမှာ စီရင်ချက်ချရန် ရက်ပိုင်းအလိုတွင် အင်းစိန်ထောင်တွင်း၌ သေဆုံးသွားခဲ့ပါ သည်။ ကျန် (၉) ဦးကို လွန်ခဲ့သည့်လ (၁၁) ရက်နေ့၌ စီရင်ချက်ချလိုက်သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အာ ဏာပိုင်များဖက်မှ တစုံတရာအကြောင်းကြားခြင်းမျိုးမရှိသည့်အပြင်၊ ထောင်ဝင်စာလည်း

တွေ့ခွင့်မရသေးသည့်အတွက် ယခုချိန်ထိ အတိအကျမသိရသေးကြောင်း မိသားစုဝင်များမှ ပြောပါသည်။ သို့သော် ဦးသိန်းလွင်ဦးကို ထောင် (၈) နှစ်ချထားသည်ဟု ထောင်နှင့်နီးစပ်သူများ၏ အပြောအရ သိရကြောင်း၊ ၄င်း၏ မိတ်ဆွေတဦးက ယခုလို ပြောပါသည်။

"ဦးသိန်းလွင်ဦးက (၈) နှစ်တဲ့ ကျန်တဲ့လူတွေ နာမည် နဲ့တော့မသိဘူး။ ဒါပေမယ့် အကြမ်းဖျင်း (၂၀) ချတယ်လို့ ကြားတယ်။ ကျွန်းပေါ့လေ။ ကျွန်းကျတဲ့လူကျတယ်၊ မိန်းကလေးတွေလည်း ကျတာပေါ့လေ။ သူတို့ကို မတွေ့ရဘူး။ ထောင်ဝင်စာ (၁) လပိတ်ထားတယ်။ အခုသွားပြီးတော့ လျှောက်လွှာတင်ထားတယ်။ ထောင်ဝင်စာ တွေ့ခွင့်ရဖို့လေ။ သက်သက်ညစ်တာပေါ့။ ဘာမှမဟုတ်ဘူး။ နောက်ပြီးတော့ အောင်မြင့်သိန်း၊ သူသေတုန်းက အမှုမစစ်ရသေးဘူး။ အမှုက နောက်နေ့မှ တရားရုံး သွားပြီးတော့ဆိုင်ရတာ။ တရားရုံးဆိုင်တော့မှ တရားရုံးက သူ့ကို တရားသေလွှတ်လိုက်တယ်လို့ အမိန့်ချတယ်။"

အမှန်က ပြစ်ဒဏ်စီရင်ချက်ချပြီးသူများကို သက်ဆိုင်ရာမိသားစုများနှင့် ချက်ချင်းတွေ့ခွင့်ပြုရမှာဖြစ်ပါသည်။ သို့သော် ယခုတလနီးပါးကြာသည့်အထိ တွေ့ခွင့်မရသေးသောကြောင့် မိသားစုများအထူးစိုးရိမ်နေကြသည်ဟု သိရပါသည်။ ပဲခူးမြို့က ဦးဝင်းမြင့်၏မိသားစုဆိုလျှင်၊ ထောင်ဝင်စာတွေ့ခွင့်ရရန် အင်းစိန်ထောင်သို့ အကြိမ်ကြိမ် သွားခဲ့သော်လည်း၊ တွေ့ခွင့်မရ မည်သည့်သတင်းမှ စုံစမ်းမရဘဲ ပြန်လာခဲ့ရကြောင်း သားဖြစ်သူ ဇင်ဘိုဝင်းက အောက်ပါအတိုင်း ပြောပြပါသည်။

"သွားပါတယ်။ ကျနော်တို့ နှစ်ပတ်ရှိပြီ။ ပထမအပတ်တုန်းကလည်း သွားတယ်။ နှစ်ပတ်ရှိပါပြီသွားတာ။ မေးကြည့်တော့ ဘာမှမသိရသေးဘူးပြောတယ်။ ပစ္စည်းလေးတွေပဲ ပေးလို့ရသေးတယ်။ ကျန်းမာရေးအခြေအနေကတော့ ထောင်ဝန်ထမ်းတွေကို မေးကြည့်သလောက်ကတော့၊ ကောင်းတယ်လို့တော့ပြောတာပဲ။ မျက်စိရှေ့မှာတော့ မမြင်ရဘူးပေါ့။ အကုန်လုံးကတော့ စိတ်ပူတာပေါ့။ မိသားစုဝင်တွေက။ အဖေတို့ တဖွဲ့ထဲတင် မဟုတ်ပါဘူး။ ကျန်တဲ့သူတွေ တယောက်မှမရကြဘူး။ ကျနော်တို့နဲ့ ရက်မတူဘူး။ တချို့ရန်ကုန်ကအဖွဲ့တွေ တင်ထားတာရှိတယ်။ အဲဒီတင်ထား တဲ့သူတွေလည်း တွေ့ခွင့်မရဘူး။ အဲဒီဘက်မှာ ဦးလှမြင့်သန်းတယောက်၊ ကိုဝေလင်းတယောက် နောက်ဦးမြင့်လွင်ဆိုတာ ရှိသေးတယ်။ အသက်ကြီးနေပြီ။"

ဦးဝင်းမြင့်နဲ့ ဦးလှမြင့်သန်းတို့ (၂) ဦးအတွက် အယူခံကိစ္စကို ရှေ့နေဦးစန်းမောင်နှင့် ညှိနှိုင်းဆောင်ရွက်နေသည် ဆိုသည့်အတွက် ဦးစန်းမောင်ထံ ဆက်သွယ်မေးမြန်းသည့်အခါ အယူခံကိစ္စနှင့်ပတ်သက်ပြီး ကြုံတွေ့နေရသည့် အခက်ခဲများ အကြောင်း ရှင်းပြပါသည်။

"ကိုဝင်းမြင့်နဲ့ ကိုလှမြင့်သန်းက သူ့မိသားစုက လာအပ်ပြီးပြီ။ အမှုက ဘယ်လိုလုပ်ရမလဲဆိုတော့ အခု သွားစုံစမ်းတဲ့ အခါကြတော့ တွေ့ခွင့်မရဘူး။ အပြင်မှာ သတင်းထွက်နေတာက ဒီအမှုက ထောင်ကျသွားပြီးလို့ ကြားတယ်။ အဲဒါ သက်ဆိုင်ရာဌာနကိုသွားပြီးတော့ အမှုတွဲကူးတယ်။ ကူးလို့မရဘူး။ ဒါပြဿနာပေါ့။ သူတို့အမှုက အခုဘယ်လိုဖြစ်နေလဲဆိုတော့၊ သက်ဆိုင်ရာထောင်အာဏာပိုင်တွေကလည်း အမှုပြီးလားမပြီးလားဆိုတာကို သူတို့က ပေးမသိဘူး။ ကိုလှမြင့်သန်းအမှုက (၅-ည) ရယ်၊ (၅-င) ရယ်၊ (၁၇-၁) ရယ်၊ နောက်တခုက ဆက်သွယ်ရေးပုဒ်မ (၁၃-၁-၂) ဆိုတာ။ ပုဒ်မ (၄) ခု။ ကိုဝင်းမြင့်က ပုဒ်မ (၃) ခု။ (၅-ည) ရယ်၊ (၅-န) ရယ်၊ နောက်တခုက ဆက်သွယ်ရေးပုဒ်မပဲ။ အမှုက ပုဒ်မ (၃) ခု နံပါတ်လည်းမရဘူး။ ထောင်ကျလားမကျလား ဘာမှအဆက်အသွယ်မရဘူး။ အမှုနံပါတ်လည်း မသိဘူးဆိုတော့ အပြင်က ဘာမှ လုပ်လို့မရဘူး။"

စီရင်ချက်ချပြီးသူများအား မိသားစုနှင့် တွေ့ခွင့်မပြုသည့်အပြင် အယူခံကိစ္စနှောင့်နှေးကြန့်ကြာအောင် လုပ်ထားခြင်းသည် လက်ရှိဥပဒေဖြင့် လုံးဝဆန့်ကျင်နေကြောင်း ဦးစန်းမောင်က ယခုလို သုံးသပ် ပြောဆိုသွားခဲ့ပါသည်။

"ရှေ့နေတယောက်အနေနဲ့ ပြောမယ်ဆိုလို့ရှိရင်တော့၊ ဘာပဲဖြစ်ဖြစ်ပေါ့ ကျနော်တို့ဆီမှာက ရာဇဝတ် ကျင့်ထုံးတို့၊ ရာဇသတ်ကြီးတို့ဟာ ရှိနေတုန်းပဲ။ ရှိနေတော့ ဒီထဲမှာ အခွင့်ရေးတွေပေးထားရတယ်။ ဥပမာ အမိန့်ချပြီ။ အမိန့်ချတဲ့နေ့မှာ၊ ထောင်ချလိုက်တယ်ဆိုတဲ့ စီရင်ချက်ကော်ပီကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ အမှုသည်ကိုပေးရမယ်။ အမှုသည်ကို ပေးရမယ်ဆိုတာ တရားခံကိုရုံးရှေ့မှာပေးရမယ်။ မည်သည့်တရားခံမဆို ထောင်ကျပြီဆိုရင် ပေးကိုပေးရမယ်။ ပေးလို့ရင် တရားခံကယူပြီးတော့ သူ့ရှေ့နေနဲ့တွေ့ရမယ်။ ပေးတော့ သူက တင်လို့ရတယ်။ တရားဥပဒေအရ Legal Right ပေါ့။ ဒါကိုမပေးဘူးဆိုရင်တော့ ဒီတရားခံဟာရသင့်ရထိုက်တဲ့၊ ရာဇဝတ်ကျင့်ထုံးအရ တရားခံကို ပေးထားတဲ့အခွင့်အရေး လုံးဝမရဘူးပေါ့။ မရတော့ ကျန်တဲ့အကျိုးဆက်တွေက အများကြီး ဖြစ်သွားတယ်။" ILO ထံ သတင်းပေးမှု၊ ပြည်ပတရားမဝင်အသင်းနှင့် ဆက်သွယ်မှုစသည့် စွဲချက်များဖြင့်ဖမ်းဆီး ထောင်ချခံနေရသူ (၉) ဦး၏ အမှုတွဲအခြေနေအကြောင်း စုစည်းတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

အစသို့

# စာမျက်နှာ ၅

## ဦးသိန်းလွင်ဦးအပါအဝင် (၉) ဦးကို ထောင်ဒဏ်များ ချမှတ်

*၇ဒီဇင်ဘာ၊ ၂၀၀၅*

ရန်ကုန် **ILO** ထံသတင်းပေးမှု၊ ပြည်ပနိုင်ငံရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်မှု၊ စသည့်စွဲချက်များဖြင့် ဖမ်းဆီးခံထားကြရသော မြောက်ဥက္ကလာမှ ဦးသိန်းလွင်ဦးအပါအဝင် (၉) ဦးကို ထောင်ဒဏ်အနည်းဆုံး (၈) နှစ်မှ အများဆုံး (၂၅) နှစ်ထိလို့ ချမှတ်ထားကြောင်း သိရပါသည်။ အများဆုံး (၂၅) နှစ် ချမှတ်ခံထားရသူမှာ ပဲခူးမြို့မှ ဦးဝေလင်းဖြစ်ပြီး၊ ဦးဝင်းမြင့်ကို (၁၇) နှစ်ချမှတ်လိုက်ကြောင်းဆိုပါသည်။ ကျန် (၇) ဖြစ်သည့် ဦးသိန်းလွင်ဦး၊ ဦးရဲမြင့်၊ ဦလှမြင့်သန်း၊ ဒေါ်အေးချမ်း၊ ဒေါ်အေးသီခိုင်၊ ဒေါ်ယဉ်ကြည်နှင့် ဦးမြင့်လွင်တို့ကို ထောင် (၈) နှစ်စီ အသီးသီးချမှတ်ခဲ့ကြောင်း၊ နိုင်ငံရေးအကျဉ်းသား မိသားစုများနှင့် နီးစပ်သူများကပြောပါသည်။ သူတို့အား နိုင်ငံရေးပုဒ်မ (၅–ည) တရားမဝင်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုပုဒ်မ (၁၇–၁)၊ ဆက်သွယ်ရေးပုဒ်မ (၁၆–၃) စသည့် ပုဒ်မများဖြင့် စွဲချက်တင်ထောင်ချခဲ့ခြင်း ဖြစ်ကြောင်းသိရပါသည်။ သူတို့အားလုံးကို အခုနှစ်ဇူလိုင်လအတွင်းမှာ အာဏာပိုင်များက ဖမ်းဆီးခဲ့ပြီး၊ နိုဝင်ဘာ (၁၁) ရက်နေ့တွင် ထောင်ဒဏ်စီရင်ချက်ချခဲ့ခြင်း ဖြစ်ပါသည်။ ဖမ်းသွားကတည်းက သက်ဆိုင်ရာ မိသားစုများနှင့်တွေ့ခွင့်မရသလို၊ ရှေ့နေငှားခွင့်လည်းမရဘဲ အင်းစိန်ထောင်တွင်း၌ အမှုစီရင်ချက်ချလိုက်ခြင်း ဖြစ်သည်ဟုဆိုပါသည်။ ယခုလည်း သူတို့ (၉) ဦးကို အကြောင်းပြချက်မရှိဘဲ ထောင်ဝင်စာ (၁) လပိတ်ထားသည်ဟု ထောင်နှင့်နီးစပ်သူများ၏ ပြောပြချက်အရ သိရပါသည်။

အစသို့

## ILO နှင့် ပတ်သက်ခဲ့သူများ၏ထောင်တွင်း ကျန်းမာရေးအခြေအနေ

*၇ဒီဇင်ဘာ၊ ၂၀၀၅*

ရန်ကုန် **ILO** ရုံးထံ မမှန်မကန်သတင်းပေးမှုနှင့် ဖမ်းဆီးထောင်ချခံနေရသည့်၊ ပဲခူးမြို့မှ ရှေ့နေဦးအေးမြင့် ပဲခူးထောင်တွင် ကျန်းမာရေးဆိုးရွားနေကြောင်း သိရပါသည်။ ဦးအေးမြင့်၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး လွန်ခဲ့သည့်အပတ်ကမှ ထောင်ဝင်စာတွေ့ခဲ့သော၊ သားဖြစ်သူညိုလင်းမောင်က ယခုလို ပြောပြပါသည်။

"ကျန်းမာရေး အခြေအနေကမကောင်းဘူး။ သွေးအားနည်းပြီးတော့၊ အားနည်းတာပေ့ါနော်။ လမ်းလျှောက်တာ တောင် တုန်ချိတုန်ချိနဲ့။ မေးတဲ့အခါကြတော့ အဲဒါမမေးနဲ့လို့ပြောတယ်။ အဖေရယ် အခုလို ကျန်းမာရေးမကောင်းတော့ စိတ်မကောင်းဘူးပေ့ါ။ ကိုယ်ကလည်းအပြင်ကနေ ဘာမှလုပ်ပေးလို့လဲ မရဘူးဖြစ်နေတာကိုး။"

ဦးအေးမြင့်သည် ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာမှ လယ်သမားများ၏ နွားစားကျက်မြေကိစ္စနှင့် ပတ်သက်ပြီး ရန်ကုန် **ILO** ရုံးထံ၊ သတင်းမှား ပေးသည်ဆိုသည့် စွပ်စွဲချက်နှင့် ထောင် (၇) နှစ် ချခံထားရသူ ဖြစ်ပါသည်။ အလားတူ အဓမ္မ အလုပ်ခိုင်းစေမှုနှင့် ပတ်သက်ပြီး ထောင် (၁) နှစ်ခွဲ ကျခံနေရသည့် မစုစုနွေးမှာ သုံးနေကျဆေးဝါးများ သွင်းခွင့်မရသေးသည့်အပြင်၊ အစားအသောက်ကိုပါ အကန့်အသတ်ဖြင့်သွင်းခွင့်ပြုထား ခြင်းကြောင့်၊ သူမ၏ ကျန်းမာရေးအတွက် စိုးရိမ်နေကြကြောင်းသိရပါသည်။ ထိုအကြောင်းကို ထန်းမနိုင်ရွာသားတဦးက အောက်ပါအတိုင်းပြောပြပါသည်။

"အခုဟာသူက ဒေါက်တာတင်မျိုးဝင်းနဲ့ ပြနေတာဆိုတော့ ဒေါက်တာတင်မျိုးဝင်း ဆေးစာကိုရေးပြီး ပေးတာပေ့ါ။ အဲဒါ ဒေါက်တာတင်မျိုးဝင်းရေးပေးတဲ့ ဆေးပေးတာမရဘူး။ နောက်သူသုံးနေကြ ဆေးလည်းပေးတာမရဘူး။ သူ့မှာ လေးဖက်နာလည်း ရှိတယ်လေ။ သူ့လက်ကလေးတွေ၊ ခြေထောက်ကလေးတွေ ရောင်ပြီးတော့ကိုက်တယ်တဲ့။ အစားအသောက်ကတော့ အိမ်ကပို့တာရယ်၊ ထောင်ကပေးတာရယ် လုံလောက်တယ်လို့တော့ ပြောပါတယ်။ ဒါပေမယ့် အပြင်ကနေ ပန်းသီးတို့ဘာတို့ ပေးလို့မရဘူး။ ပန်းသီးပေးချင်တာ မရလို့ ပြန်ယူလာခဲ့ရတယ်။"

နှလုံးရောဂါခံစားနေရသူ မစုစုနွေးအတွက် ဆေးဝါးများ ယခုတိုင် သွင်းခွင့်ပိတ်ပင်ခံနေရသည့်အကြောင်း ထန်းမနိုင်ကျေးရွာက ဒေသခံတဦးပြောပြသွားခြင်းဖြစ်ပါသည်။ ထပ်မံစုံစမ်းသိရှိရသည့်သတင်းများအရ **ILO** ထံသတင်းပေးမှုဖြင့် ဖမ်းဆီးခံနေရသည့်၊ အောင်လံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အပါအဝင် အဖွဲ့ချုပ်ဝင် (၃) ဦးကို လာမည့် (၂၂) ရက်နေ့တွင် စတင်စစ်ဆေးမည်ဟု သိရပါသည်။ အောင်လံမြို့နယ် တရားရုံးတွင် တရားစွဲခံနေရသူများမှာ အောင်လံမြို့နယ် အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇံ၊ အဖွဲ့ချုပ်ဝင်ကိုဇော်ဌေးနှင့် တောင်ကုတ်မြို့က အဖွဲ့ချုပ်ဝင် ကိုအောင်သန်းထွန်းတို့ ဖြစ်ပါသည်။ ၎င်းတို့ (၃) ဦးအား အာဏာပိုင်များ၏ အဓမ္မအလုပ်ခိုင်းစေမှုကြောင့်၊ ပျောင်းရွာသား ကိုဝင်းလွင် သေဆုံးရသည့် ကိစ္စနှင့်ပတ်သက်ပြီး၊ သူ့မိသားစုက **ILO** ထံတိုင်ကြားရာမှာ ကူညီပေးသည်ဟုဆို၍ နယ်မြေခံအာဏာပိုင်များက တရားစွဲထားခြင်းဖြစ်ကြောင်း၊ အောင်လံမြို့က အဖွဲ့ချုပ်ဝင်များ၏ ပြောပြချက်အရ သိရပါ သည်။

အစသို့

# စာမျက်နှာ ၆

## ဦးခွန်ထွန်းဦးအတွက် အယူခံဝင်နိုင်ရန် မိသားစုနှင့် ရှေ့နေများ ကြိုးပမ်း

*၇ဒီဇင်ဘာ၊ ၂၀၀၅*

လမ်းပြမြေပုံ (၇) ချက်နှင့် ညောင်နှစ်ပင်ညီလာခံကို ဝေဖန်မှုကြောင့်၊ ထောင်ဒဏ် (၉၃) နှစ်ချခံလိုက်ရသော ရှမ်းအဖွဲ့ချုပ်ဥက္ကဌ ဦးခွန်ထွန်းဦးအတွက် အချိန်မှီအယူခံဝင်နိုင်ရန်၊ မိသားစုနှင့် ရှေ့နေများမှ အပူတပြင်းကြိုးပမ်းနေကြောင်းသိရပါသည်။ ကချင်ပြည်နယ် မြောက်ဖျား၊ ပူတာအို အကျဉ်းထောင်သို့ အပို့ခံထားရသည့် ဦးခွန်ထွန်းဦး နှင့်တွေ့ခွင့်ရရန် ရှေ့နေဦးအောင်သိန်းနှင့် ဦးခွန်ထွန်းဦး၏မိသားစုဝင်များမှ ယခုလိုကြိုးစားနေခြင်းဖြစ်ပါတယ်။ ၄င်းတို့အားလုံး လွန်ခဲ့သည့် တနင်္ဂနွေနေ့ကတည်းက၊ ရန်ကုန်မှ ပူတာအိုသို့ ထွက်ခွာသွားကြခြင်း ဖြစ်သော် လည်း၊ ယခုချိန်ထိ ဦးခွန်ထွန်းဦးနှင့် တွေ့ခွင့်ရမရဆိုသည်ကို မသိရသေးပါ။ အလားတူ စစ်ကိုင်းတိုင်း ခန္တီးအကျဉ်းထောင် သို့ အပို့ခံလိုက်ရသည့်၊ ရှမ်းပြည်တပ်မတော် မြောက်ပိုင်းအဖွဲ့ နာယက ဗိုလ်ချုပ်ဆေထင်နှင့် အချိန်မှီတွေ့ခွင့်ရ ရန်ကိုလည်း၊ မိသားစုနှင့် ရှေ့နေများက ကြိုးပမ်းနေကြပါသည်။ ဦးခွန်ထွန်းဦးနှင့်အတူ နှစ်ရှည်ထောင်ချခံလိုက်ရသူ (၉) ဦးရှိသော်လည်း၊ ကျန်သူများမည်သည့်ထောင် ရောက်နေကြခြင်းဆိုသည်ကို မိသားစုဝင်များကိုယ်တိုင် သိခွင့်မရဘဲ ဖြစ်နေသည်ဟု ရှေ့နေများကပြောပါသည်။ ဥက္ကဌ ဦးခွန်ထွန်းဦးမှာ ပူတာအိုထောင်၊ အတွင်းရေးမှူး စိုင်းညွှန့်လွင်မှာ ကလေးထောင်၊ ဗိုလ်ချုပ်ဆေထင်မှာ ခန္တီးထောင်၊ စိုင်းလှအောင မှာ ကျောက်ဖြူထောင်၊ စိုင်းမျိုးဝင်းထွန်းနှင့် စိုင်းနေမိုးတို့မှာ မန္တလေးထောင်ဟုသိရသော်လည်း ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်း၊ ဦးထွန်းညိုနှင့် စပ်သာဦးတို့ မည်သည့် နေရာရောက်နေသလဲဆိုသည်ကို ယခုတိုင်မသိရသေးဟုဆိုပါသည်။ ရန်ကုန်တိုင်း တရားရုံးနှင့် အင်းစိန်ထောင်သို့ သွားမေးသည့်အခါမှာ၊ မိသားစုဝင်များကိုယ်တိုင်လာမေးမှသာ ပြောနိုင်မည်ဟု ငြင်းဆိုခဲ့သောကြောင့် တောင်ကြီးမှ မိသားစုများကလည်း၊ ရန်ကုန်အထိ မဆင်းလာနိုင်ဖြစ်နေခြင်းကြောင့်၊ အချိန်မှီအယူခံ မဝင်နိုင်ပဲ ဖြစ်မှာကို ရှေ့နေများက စိုးရိမ်နေကြောင်း သိရပါသည်။

အစသို့

## စုစုနွေးကို နော်ဝေးရောက် မြန်မာများက ဂုဏ်ပြု

*၈ဒီဇင်ဘာ၊ ၂၀၀၅*

လုပ်အားပေးကိစ္စတိုင်ကြားမှုဖြင့် ထောင်တနှစ်ခွဲချမှတ်ခံလိုက်ရသည့် ထန်းမနိုင်ရွာသူမစုစုနွေး၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှုအား ဂုဏ်ပြုသည့်အနေဖြင့်၊ နော်ဝေးနိုင်ငံရောက် မြန်မာနိုင်ငံသားများက နော်ဝေးကရိုနာ (၄၅၀၀)၊ မြန်မာကျပ်ငွေ (၇) သိန်းခွဲကျော် စုပေါင်းလှူဒါန်းထားကြသည်ဟုသိရပြီး၊ နောက်ထပ် ဂုဏ်ပြုထည့်ဝင်မည့်သူများ ရှိနေ သေးသည်ဟု သိရပါသည်။ ထိုဂုဏ်ပြုလှူဒါန်းငွေများသည် သူမ၏စွမ်းဆောင်ချက်များနှင့် နှိုင်းစာလျင် ဘာမှမပြောပလောက်ကြောင်း လှူဒါန်းကြသူများက ဆိုပါသည်။ အကြောက်တရားလွှမ်းမိုးနေသည့် မြန်မာနိုင်ငံမှာ ယခုကဲ့သို့ သတ္တိရှိရှိဖြင့်၊ အာဏာရှင်များအား အံတုရင်ဆိုင်ရဲသည့် မစုစုနွေးအား ဂုဏ်ပြုခြင်းနှင့်ပတ်သက်ပြီး ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဗိုလ်သောင်းက အောက်ပါအတိုင်းပြောပြပါသည်။

"ကျနော်တို့ နော်ဝေးနိုင်ငံကို ရောက်ရှိနေတဲ့ ဗမာနိုင်ငံသားတွေပေါ့လေ။ ဗမာနိုင်ငံသားတွေဆိုတဲ့နေရာမှာ လည်းပဲ တိုင်းရင်းသားအင်အားစုတွေ၊ ဒီမိုကရေစီအင်အားစုတွေပေါ့။ တရားဥပဒေစိုးမိုးမှုမရှိတဲ့၊ စစ်အာဏာရှင်စနစ် အောက်မှာရှိတဲ့၊ အကြောက်တရားလွှမ်းမိုးနေတဲ့ ဗမာနိုင်ငံမှာ သတ္တိရှိရှိနဲ့ ဖိနှိပ်ခံလူထုအတွက် အဓမ္မလုပ်အားပေး စေခိုင်းမှုကို၊ ဆန့်ကျင် တိုက်ပွဲဝင်ခဲ့တဲ့၊ သူရဲကောင်းအမျိုးသမီးဖြစ်တဲ့ မစုစုနွေးကို၊ ဂုဏ်ပြုတဲ့အနေနဲ့ သူ့ကို ကျနော်တို့ ပြည်ပရောက်နေတဲ့ ဗမာနိုင်ငံသားတွေက တက်နိုင်သလောက်ကူညီပြီးတော့၊ အဓိကကတော့ သူ့ကို စိတ်ပိုင်းဆိုင်ရာ အားပေးမှုပါပဲ။ တကယ် တမ်းကြတော့ သူ့ရဲ့စွမ်းဆောင်ချက်က ကျနော်တို့ကူညီထောက်ပံ့တဲ့ငွေနဲ့ယှဉ်ရင် နှိုင်းစာလို့ မရပါဘူး။ သို့သော်လည်း ကျနော်တို့ ပြည်ပမှာရောက်နေတဲ့အင်အားစုတွေက တတ်နိုင်တဲ့ဘက်ကနေပြီးမှ ဒီလို အခက်ခဲတွေ၊ အကြပ်တည်းတွေ၊ အကြောက် တရားတွေရှိ နေတဲ့တိုင်းပြည်မျိုးမှာ စွန့်စွန့်စားစားနဲ့ လုပ်ခဲ့တဲ့ မစုစုနွေးကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီလို ထောက်ပံ့ ကူညီခြင်းဖြစ်ပါတယ်။"

အစသို့

## ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပသူများအား နအဖ ဖမ်းဆီး

*၈ဒီဇင်ဘာ၊ ၂၀၀၅*

ရှမ်းနှစ်သစ်ကူးပွဲတော်ပြုလုပ်ခဲ့ခြင်းကြောင့် ရှမ်းပြည်နယ် စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဌ ဒေါက်တာ စိုင်း မော်ခမ်းအပါအဝင် စည်းရုံးရေးမှူး (၈) ယောက်အား၊ ဒီဇင်ဘာ (၃) ရက်နေ့တွင် အာဏာပိုင်များက ဖမ်းဆီးလိုက်

ကြောင်းသိရပါသည်။ ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပရန်၊ နိဝင်ဘာလကတည်းက ရမခတိုင်းမှူး ဗိုလ်မှူးချုပ် မြင့်လှိုင် ကိုယ်တိုင်ခွင့်ပြုထားသော်လည်း၊ ယခုမည်သည့်အတွက်ကြောင့်ဖမ်းဆီးခြင်းဆိုသည်ကို အတိအကျ မသိရသေးပါ။ အာဏာ ပိုင်များဖက်က ခွင့်ပြုထားသည့်အတွက်၊ ယခုနှစ်ပွဲတော်ကို ယခင်နှစ်ကနှင့်မတူဘဲ အနယ်နယ် အရပ်ရပ်က ရှမ်းလူထုများအလံတလူလူဖြင့်၊ ယခုကဲ့သို့စုစုစည်းစည်း လာကြခြင်းအား၊ အာဏာပိုင်များက မလိုလား ခြင်းကြောင့်ဖြစ်သည်ဟု ဆိုပါသည်။ ထို့အပြင် ပွဲကိုဦးဆောင်ကျင်းပခဲ့သည့် ရှမ်းပြည်နယ် စာပေနှင့်ယဉ်ကျေးမှု ကော်မတီသည်၊ ရှမ်းခေါင်းဆောင် ဦးခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထင်တို့နှင့် နီးစပ်ခြင်းကြောင့်လည်း ဖြစ်နိုင်စရာရှိသည်ဟု ရှမ်းသတင်းများက ဆိုပါသည်။ ထိုအကြောင်းကို ပိုမိုသိရှိနိုင်ရန် ရှမ်းသံတော်ဆင့် သတင်းတာဝန်ခံတဦးထံ ဆက်သွယ်မေးမြန်းသည့်အခါ အောက်ပါအတိုင်း ရှင်းပြပါသည်။

"ရှမ်းနှစ်ကူးမတိုင်မီ တပတ်လောက်အကြိုမှာတော့ ရှမ်းပြည်လုံးဆိုင်ရာ စာပေနဲ့ယဉ်ကျေးမှု အဖွဲ့ချုပ်ဥက္ကဋ္ဌကို၊ လားရှိုးအခြေစိုက် ရမခတိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ကိုယ်တိုင်က ခေါ်ပြီးတော့မေးတယ်။ ခင်ဗျားတို့ ရှမ်းနှစ်သစ်ကူးနေ့ မလုပ်ဘူးလား၊ လုပ်ပါဘာညာ အဲဒီလိုတိုက်တွန်းသလိုလိုပြောတယ်။ အဲဒီတော့ လုပ်လိုက်ကြတယ်ပေ့ါလေ။ ပွဲဖြစ်တဲ့ နေရာကို၊ နေရာအနှံ့က လူထုတွေလာတယ်။ ဆိုင်ကယ်တွေ၊ ကားတွေ၊ ထော်လာဂျီတွေနဲ့ ရှမ်းအလံ တလွှင့်လွှင့် တလူလူနဲ့ လာကြတာလေ။ အဲဒါကို အာဏာပိုင်တွေက မျက်စိဆံပင်မွေးစူးတယ်ပေ့ါ။ နောက်ပြီးတော့ ရှမ်းပြည်လုံး ဆိုင်ရာ စာပေနဲ့ယဉ်ကျေးမှုဥက္ကဋ္ဌကိုယ်တိုင်က ဦးခွန်ထွန်းဦးတို့နဲ့ ဆက်စပ်မှုရှိတယ်။ **SSPC** ရှမ်းပြည်အပစ်ခတ် ငြိမ်းချမ်းရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်ဆေထင်နဲ့လည်း၊ အကျွမ်းတဝင် ဖြစ်ခဲ့ဖူးတယ်လေ။ အဲဒါလည်းပါတယ်။ ရှမ်းပြည်လုံးဆိုင်ရာ စာပေယဉ်ကျေးမှု ဥက္ကဋ္ဌရယ်၊ ရှမ်းအဆိုတော် စိုင်းအောင်မှူးနဲ့ သူ့သူငယ်ချင်းနှစ်ယောက်ရယ်၊ ပွဲဖြစ်မြောက်ရေး ကော်မတီဝင် (၃–၄) ယောက်ရယ် အားလုံးက (၈) ယောက်ပေ့ါ။"

ရှမ်းသံတော်ဆင့်သတင်းစဉ်မှ သတင်းတာဝန်ခံတဦး ဖြစ်ပါသည်။ ယခုကဲ့သို့ ရှမ်းပြည်နယ် စာပေနှင့်ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့အား ဖမ်းဆီးလိုက်ခြင်းကို၊ ရှမ်းလူထုများအကြား မကျေမနပ်ဖြစ်နေပြီး၊ လောလောဆယ် ယင်းတို့အား ပြည်လွှတ်မည့်အနေအထား မရှိသေးပါဟု၊ အဆိုပါတာဝန်ခံကပဲ ထင်မြင်ချက်ပေးခဲ့ပါသည်။ "

ဖြစ်မြောက်ရေးကော်မတီဝင်တွေနဲ့ အဲဒီအဆိုတော်တွေကတော့ အကြာဆုံးဖြစ်ရင်တောင်မှ လချီပြီးလည်း ဖြစ်နိုင်တာပေ့ါ။ စာပေယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ၊ သူရဲ့ကံကြမ္မာကိုတော့ ခန့်မှန်းလို့မရဘူး။ အဲဒီလို ပြောကြတယ်။ တချို့ကြတော့နာကျည်းတာပေ့ါ။ အဲဒီလောက်တောင်မှ လုပ်ရက်သလား၊ သူတို့ကိုယ်တိုင်က ခေါ်ပြီး၊ ပွဲမိန့်ပေးပြီးတော့ လုပ်ဖို့တိုက်တွန်းတဲ့ဟာ ဒါတော့ မတရားမှုလုံးဝသက်သက်ပဲပေ့ါ။ အဲဒီလို နာကျည်းခံပြင်းတာတွေ ရှိတာပေ့ါ။"

အဆိုပါသတင်းနှင့် ပတ်သက်၍၊ သက်ဆိုင်ရာကာယကံရှင်မိသားစုများထံ ကြိုးစားဆက်သွယ်သော်လည်း မအောင်မြင်ခဲ့ပါ။

အစသို့

## ဦးကျော်ဆွေအား မုံရွာထောင်မှ ကလေးထောင်သို့ ပြောင်းရွှေ့

*၉ဒီဇင်ဘာ၊ ၂၀၀၅*

ယခုလ (၂) ရက်နေ့၌ အမှုဆင်ဖမ်းဆီးထောင်ချခံခဲ့ရသည့် စစ်ကိုင်းတိုင်းချောင်းဦး မြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဆွေအား၊ ယမန်နေ့က မုံရွာမှ ကလေးထောင်သို့ ပြောင်းရွှေ့လိုက်ကြောင်း သိရပါသည်။ ဦးကျော်ဆွေအား တာဝန်ဝတ္တရားနှောင့်ယှက်မှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး၊ မိသားစုများ၊ ရှေ့နေများနှင့် တွေ့ဆုံခွင့်မပေးဘဲ၊ အကျဉ်းချုပ်စစ်ဆေးပြီး ထောင် (၂) နှစ် ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။ လွန်ခဲ့သည့် (၂) လခန့်က ဦးကျော်ဆွေ၏ နေအိမ်ကို ခိုးသတင်းရသည်ဆို၍ အာဏာပိုင်များက ဝင်ရောက်စစ်ဆေးခဲ့သည်ဟု ဆိုပါသည်။ ယင်းကဲ့သို့ ခိုးထီသတင်းဖြင့် လာရှာခြင်းအတွက် ဦးကျော်ဆွေက မကျေမနပ် ပြန်ပြောခဲ့သည်ဟု ဆိုပါသည်။ ထိုသို့ ပြန်ပြောခြင်းကြောင့် တာဝန်ဝတ္တရားနှောင့်ယှက်သည်ဟုဆို၍၊ အခုလ (၂) ရက်နေ့တွင် ဖမ်းဆီးထောင်ချခဲ့ခြင်း ဖြစ်သည်ဟုမိသားစုဝင်များမှ ပြောပါသည်။ အဖွဲ့ချုပ်ကပြုလုပ်ခဲ့သော လူထုလက်မှတ်ကောက်ယူပွဲတွင် ဦးကျော်ဆွေသည် တက်တက်ကြွကြွဆောင်ရွက်ခဲ့ကြောင်း သိရပါသည်။ ထို့အတွက် အာဏာပိုင်များဖက်မှ အငြိုးအတေးထားပြီး ယခုကဲ့သို့ အမှုဆင်ထောင်ချခဲ့ခြင်းဖြစ်သည်ဟု ပြောပါသည်။ ထောင်ချရုံမျှမက၊ မိသားစုနှင့်ဝေးရာ၊ ကလေးထောင်သို့ တမင်ပြောင်းရွှေ့လိုက်ခြင်းဖြစ်သည်ဟု ချောင်းဦးအဖွဲ့ချုပ်ဝင်များမှ သုံးသပ်နေကြပါသည်။ လွန်ခဲ့သည့် (၂) လခန့်က အမှုဆင်ထောင်ချခံခဲ့ရသည့်၊ မုံရွာမြို့နယ်အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် ကိုညွန့်အောင်လည်း ဦးကျော်ဆွေနှင့်အတူ ကလေးထောင်သို့

အတူပြောင်းရွှေ့ခံရသည်ဟု သိရပါသည်။ ကိုညွန့်အောင်သည် ဒေါ်အောင်ဆန်းစုကြည်၏ မုံရွာခရီးစဉ်၌ တက်တက်ကြွကြွ ကူညီလုပ်ဆောင်ခဲ့သူဟု သိရပါသည်။ ထို့ကြောင့် အာဏာပိုင်များက အမှုဆင်ဖမ်းဆီး၍ ထောင် (၃) နှစ် ချမှတ်ခဲ့ပါသည်။ ကိုညွန့်အောင်ကိုလည်း ယမန်နေ့က မုံရွာမှ၊ မိသားစုတွေနှင့်ဝေးရာ ကလေးထောင်သို့ ပြောင်းရွှေ့လိုက်ကြောင်း မုံရွာ အဖွဲ့ချုပ်ဝင်များက ပြောပြခဲ့ပါသည်။

အစသို့

## ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးရန် နိုဘယ်လ်ဆုရှင်မှတိုက်တွန်း

*၁၀ဒီဇင်ဘာ၊ ၂၀၀၅*

ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှအမြန်ဆုံးလွှတ်ပေးရန် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါက်တာ အက်ဘာရတီက၊ ယနေ့ နအဖအားတိုက်တွန်းလိုက်ပါသည်။ (၂၀၀၅) ခုနှစ်အတွက် နိုဘယ်လ်ဆု လက်ခံရ ယူရန် နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ရောက်ရှိနေခိုက် ဒီဗွီဘီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားသွားခြင်းဖြစ်ပါသည်။

"မြန်မာအာဏာပိုင်တွေက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ဘဝကနေ အမြန်ဆုံးလွှတ်ပေး လိမ့်မယ်လို့ ကျနော်မျှော်လင့်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ရပ်တည်ချက်ခိုင်မာတဲ့ အမျိုးသမီးတစ်ဦးပါ။ လွတ်လပ်ရေးနဲ့၊ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေတဲ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ဖြစ်ပါတယ်။ မြန်မာ့နိုင်ငံရေးမှာ သူ ပါဝင်ခွင့်ရဖို့လိုအပ်ပါတယ်။ ပုံမှန်လူသားတစ်ဦးလို လွတ်လွတ်လပ်လပ် ပြောနိုင်ဆိုနိုင် သွားလာလှုပ်ရှားပိုင်ခွင့်ရှိရပါမယ်။ ဘာပဲဖြစ်ဖြစ် ကျနော်တို့အနေနဲ့ကတော့ အကောင်းဆုံးကိုမျှော်လင့်ပါတယ်" ဟုပြောကြားသွားပါသည်။

ယခုနှစ်ငြိမ်းချမ်းရေးနိုဘယ်ဆုကို ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော အိုင်အေအီးအေ နှင့် ဒေါက်တာ အက်ဘာရတီတို့အား ပူးတွဲပေးအပ်ခဲ့ပါသည်။

အစသို့

## မစုစုနွေးကျန်းမာရေးအခြေအနေ ဆိုးရွား

*၁၀ဒီဇင်ဘာ၊ ၂၀၀၅*

အာဏာပိုင်များ၏ မတရားအမှုတင်ထောင်ချခြင်းခံနေရသည့် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာမှ မစုစုနွေး၏ ကျန်းမာရေးအခြေအနေမှာ ပို၍ဆိုးရွားလာနေသည်ဟုဆိုပါသည်။ ထို့အပြင် ထောင်ဆရာဝန်၏ ထောက်ခံချက် ဖြင့်ခွင့်ပြုထားသည့် မိသားစုမှပေးပို့ ဆေးဝါးများကိုလည်း၊ ထောင်အာဏာပိုင်များက ပိတ်ပင်ထားသည်ဟုဆိုပါသည်။ အဆိုပါကိစ္စအား အတည်ပြုနိုင်ရန် နံနက်ခင်းကထောင်ဝင်စာတွေ့ပြီးပြန်လာခဲ့သူ၊ မိသားစုဝင်တစ်ဦးအား ဆက်သွယ်မေးမြန်း ကြည့်ရာ – – –

"သူ့မှ လေးဘက်နာရောဂါ၊ နှလုံးရောဂါရောဂါရှိတယ်လေ။ ဒါကြောင့်ထောင်ထဲမှာနေရတာ အဆင်မပြေနိုင်ဘူးပေါ့။ ကိုယ်တွေလက်တွေကိုက်တယ်တဲ့။ ခဏခဏလည်းဖျားတယ်တဲ့။ ဒါနဲ့ထောင်ဆရာဝန်ကိုပြတယ်။ ဆရာဝန်က ဆေးစာရေးပေးလိုက်တယ်။ အဲဒီဆေးတွေကို အပြင်က အကူအညီပေးနေတဲ့ ဆရာဝန်ကပေးတယ်။ ဆေးတွေရလာတဲ့အခါကြတော့ ထောင်ထဲသွင်းပေးဖို့လုပ်တယ်။ ထောင်ကပေးမသွင်းဘူး။ ထောင်ကပြောတယ် သူတို့ ထောင်ကရောင်းပေး တဲ့ဆေးဘဲသွင်းရမယ်တဲ့။ ထောင်ဆေးအရောင်းဆိုင်မှာ မရှိတဲ့ဆေးဆိုရင်တော့ အပြင်ကဝယ်ခွင့်ပေးမယ်တဲ့။ ဒါနဲ့ဘဲ အဲဒီဆေးတွေအားလုံးပြန်ယူလာခဲ့ရတာပေါ့။ ပြီးတော့သူတို့ဆီကဝယ်တော့ (၃၆၀၀၀) ဖိုးလောက်ကျတယ်။ သူတို့ဆီကဆေးတွေပဲ ဝယ်ပြီးသွင်းခဲ့ရတာပေါ့။"

ထိုကိစ္စနှင့် စပ်လျဉ်း၍ အင်းစိန်ထောင် ထောင်ပိုင်ရုံးသို့ဆက်သွယ်မေးမြန်းကြည့်ရာ၊ ဦးစီး၌ါနအမိန့်အရ ထောင်မှရောင်းချပေးသည့် ဆေးဝါးနှင့် အစားအစာများကိုသာ သွင်းခွင့်ပြုခြင်းဖြစ်ပြီး ယခုလိုအပြင်မှဆေးဝါးများသွင်းခွင့်ကို ပိတ်ပင်ထားခြင်းဖြစ်ကြောင်းပြောပြခဲ့ပါသည်။

အစသို့

## ဦးကျော်ဆွေနှင့်ကိုညွန့်အောင်တို့အား ကလေးထောင်သို့ပြောင်းရွှေ့

*၁၂ဒီဇင်ဘာ၊ ၂၀၀၅*

## စာမျက်နှာ ၉

မုံရွာထောင်တွင် ဖမ်းဆီးထားသည့် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဆွေနှင့် မုံရွာမြို့မှ အဖွဲ့ချုပ်ဝင် ကျူရှင်ဆရာကိုညွန့်အောင်တို့ (၂) ဦးအား မိသားစုနှင့်ဝေးရာ၊ ကလေးထောင်သို့ ပို့လိုက်သည့်အကြောင်း သတင်းထုတ်လွှင့်ခဲ့ပြီး ဖြစ်ပါသည်။ ယနေ့ ယင်းတို့၏မိသားစုများနှင့် ဆက်သွယ်မေးမြန်းခွင့်ရခဲ့ပါသည်။ ကိုညွန့်အောင်အား မုံရွာထောင်မှ ကလေးထောင်သို့ပြောင်းလိုက်သည့်ကိစ္စ သိရှိရပုံနှင့်ပတ်သက်ပြီး၊ ညီမဖြစ်သူ မနှင်းရည်က အောက်ပါအတိုင်း ပြောပြပါသည်။

"လူကြုံနဲ့ ကလေးကနေမှာလိုက်တာတဲ့။ ကလေးကနေ မှာလိုက်တော့မှ လူကြုံကလာပြောလို့သိရတာ။ လက်ဘက် ရည်ဆိုင်မှာတွေ့ခဲ့တာတဲ့။ စိတ်မပူဖို့ရာတော့ မှာလိုက်တယ်တဲ့။ စိတ်မပူနဲ့တဲ့။ သူအေးအေးဆေးဆေးပဲတဲ့။ ဘာမှမဖြစ်ဘူးလို့ ပြောလိုက်တယ်တဲ့။ အိမ်ကလူတွေ စိတ်မပူဖို့ရာပြောလိုက်တာပေ့ါ။ ကိုယ်တိုင်တွေ့ခဲ့တဲ့လူက လာပြောတာ။ သူနဲ့အတူ ရဲဘက်ပို့မယ့်သူတွေရောပါတယ်တဲ့။ ဒါပေမယ့် ဦးကျော်ဆွေနဲ့ ဦးညွန့်အောင်လို့တော့ မသိဘူးပေ့ါနော်။ အဖိုးကြီး တယောက်လည်းပါတယ်တဲ့။ သူတို့နှစ်ယောက်ကတော့ အတူတူတဲ့။ သူတို့နှစ်ယောက်က သီးသန့်တဲ့။ ဒါပေမယ့် အတူတူတော့အတူတူပဲ ခေါ်လာတာတဲ့။"

ကိုညွန့်အောင်နှင့် ဦးကျော်ဆွေတို့အား ရဲဘက်အကျဉ်းသားများနှင့်အတူ ခေါ်သွားကြောင်းသိရသည့်အတွက် ရဲဘက်အပို့ခံမှာကို စိုးရိမ်နေကြကြောင်း မိသားစုဝင်များက အခုလိုပြောပြပါသည်။

"ရဲဘက်ပါသွားမှာရော၊ ထောင်ပြောင်းသွားတာလောက်ဆိုရင်တော့ အေးအေးဆေးဆေးပေ့ါ စိတ်မပူရဘူး။ တခါမှလည်း အတွေ့အကြုံမရှိတော့၊ ဒုက္ခရောက်နေမှာတွေရော စိတ်ပူပြီးတော့ဘာလုပ်လို့လုပ်ရမှန်းတောင် မသိတော့ဘူး။ မုံရွာထောင်မှာတော့ အခက်ခဲ သိပ်မရှိဘူးပေ့ါ။ သွားရေးလာရေး အဆင်ပြေတယ်လေ။ (၁၅) ရက်တပတ် သွားတွေ့လို့ရတာပေ့ါ။ ဟိုကြတော့ သွားတွေ့လို့မရတော့ဘူး။ လမ်းခရီးကလည်း ဝေးတယ်လေ။ အဲဒီကြတော့ တလတခါတောင်မှ သွားနိုင်ပ့ါ မလားမသိဘူး။"

"ချောင်းဦးက ကိုသန်းထွန်းဆိုတာက စာရေးပေးလိုက်တာ၊ အဲဒါက ဦးကျော်ဆွေတယောက်ထဲရယ်လို့ မဟုတ်ဘူး။ ကျမတို့ ချောင်းဦးနယ်က ရှမ်းစုကလည်းပါတယ်တဲ့။ ခင်မွန်ကလည်းပါတယ်တဲ့။ အခုဟာက အရပ်သား တွေရော၊ ရောနေတော့ ရဲဘက်များ ဖြစ်မလားလို့ ကျမစိတ်ပူနေတာ။ ထောင်ဝင်စာ အခက်ခဲကြောင့်ကျမသူ့ကို လုံးဝကို ထောင်ဝင်စာ သွားမတွေ့နိုင်ဘူး။ ကျမက ပန်းနာသည်ဆိုတော့။ ကျမက မုံရွာချောင်းဦးခရီးတောင်မှ ကားမစီးနိုင်ဘူး။ အခုလောလောဆယ် ချောင်းဦးနဲ့မုံရွာတောင်မှ ပြီးခဲ့တဲ့အပတ်က ထောင်ဝင်စာသွားမတွေ့နိုင်ဘူး။ ပန်းနာသည်ဆိုတော့ ဆောင်းပိုင်းဆိုတော့ တော်တော်လေး ကျန်းမာရေးက ညံ့နေတာ။"

ကိုညွန့်အောင်၏ ညီမ မနှင်းရည်နှင့် ဦးကျော်ဆွေ၏ဇနီး ဒေါ်စန်းစန်းဝေတို့၏ ပြောပြချက်များ ဖြစ်ပါသည်။ အခုလို သူတို့ (၂) ဦးကို မိသားစုဝင်များနှင့်ဝေးရာ ကလေးထောင်သို့ပို့လိုက်တဲ့ကိစ္စသည်၊ အာဏာပိုင်များအနေဖြင့် တမင်မတရားလုပ်ခြင်းသာဖြစ်ကြောင်း ဒေါ်စန်းစန်းဝေက ယခုလို ထောက်ပြပြောဆိုသွားခဲ့ပါသည်။

"အဲဒါအစကတည်းမှ ကျမတို့ မတရားခံရတာပါ။ ဦးကျော်ဆွေကို မဖမ်းခင်တုန်းက၊ တရားသူကြီး ဦးအောင်စိုးကြည်တို့က၊ အဖွဲ့ချုပ်ကနေထွက်ဖို့၊ နိုင်ငံရေးမလုပ်ဖို့ လူကိုယ်တိုင်စည်းရုံးတယ်။ စည်းရုံးတော့ ဦးကျော်ဆွေက၊ ကျနော်ခံယူချက်ကို မပြင်နိုင်ပါဘူးလို့ ပြောလိုက်တယ်လေ။ အဲဒီလိုစည်းရုံးတယ်။ မပြင်နိုင်ဘူးဆိုတော့ (၁၀) ရက်လောက် ဖမ်းတာပဲ။ သက်သက်မဲ့မတရားသဖြင့်လုပ်ကြတာပဲ။ ကျမကိုယ်တိုင်က ပန်းနာသည်။ ကိုယ်ဖာသာကိုယ်လဲ လုပ်ကိုင်မစားနိုင်ဘူး။ မုံရွာနဲ့ချောင်းဦးကိုတောင် ကားမစီးနိုင်ဘူး။ ကျန်းမာရေး အခက်အခဲလည်းရှိတယ်။ တခြားအခက်ခဲဆိုတာကလည်း ကျမတို့က စာအုပ်အငှားဆိုင်လေ။ NLD အတွင်းရေးမှူးဆိုင်ဆိုတော့၊ ဘယ်သူမှဝင်မငှားရဲကြဘူး။ စားဝတ်နေရေးအခက်ခဲလည်း ရှိတာပဲ။ ကလေးနှစ်ယောက်က (၇) တန်းနဲ့ (၃) တန်း၊ ဘာမှမလုပ်နိုင်သေးဘူး။ ယောကျ်ားထောင်ဝင်စာ တွေ့ဖို့ရာရော၊ ကလေးနှစ်ယောက် စားဝတ်နေရေး၊ ကျန်းမာရေးရော ဘယ်လိုမှအဆင်ပြေမဖြစ်ဘူး။ မုံရွာနဲ့ချောင်းဦးတောင်မှ မဖြစ်ဖြစ်အောင် ကြိုးစားပြီးတော့ ရုန်းကန်နေရတာ။"

ထောင် (၅) နှစ်ကျခံနေရသူ ချောင်းဦးမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်ဆွေ၏ဇနီး ဒေါ်စန်းစန်းဝေ၏ ပြောပြချက် ဖြစ်ပါသည်။ ဦးကျော်ဆွေအား၊ ပြီးခဲ့သည့် (၂၀၀၄) ခုနှစ် ဒီဇင်ဘာ (၂) ရက်နေ့တွင် ဖမ်းဆီးပြီး၊ အာဏာဖီဆန်မှု၊ လိုင်စင်မဲ့ဆိုင်ကယ်စီးမှုစသည့် ပြစ်မှုများဖြင့် စွဲချက်တင်ထောင်ချထားခြင်းဖြစ်ပါသည်။ ကိုညွန့်အောင်အား တရားမဝင်ကျူရှင်ပြမှုနှင့် ပြီးခဲ့သည့်နှစ် အတွင်းကပဲ ဖမ်းဆီးပြီး၊ ထောင် (၃) နှစ် ချမှတ်ခံထားခြင်းဖြစ်ပါသည်။

အစသို့

## ဦးခွန်ထွန်းဦးအား မိသားစုနှင့် တွေ့ခွင့်ပြု

# စာမျက်နှာ ၁၀

*၁၂ဒီဇင်ဘာ၊ ၂၀၀၅*

ကချင်ပြည်နယ် ပူတာအိုထောင်တွင် ထောင်ဒဏ် (၉၃) နှစ် ချမှတ်ခံထားရသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးခွန်ထွန်းဦးအား၊ ပြီးခဲ့သည့်စနေနေ့တွင်၊ မိသားစုများနှင့် ပထမဆုံးအကြိမ် တွေ့ခွင့်ပြုခဲ့ကြောင်းသိရပါသည်။ မိသားစုတွေများနှင့်အတူတကွ၊ ဦးခွန်ထွန်းဦးအတွက် အယူခံလိုက်ပါဆောင်ရွက် ပေးမည့် အဖွဲ့ချုပ်ရှေ့နေကြီး ဦးအောင်သိန်းကိုလည်း၊ အာဏာပိုင်များက တွေ့ခွင့်ပြုခဲ့ကြောင်း၊ အဖွဲ့ချုပ် ဗဟိုဥပဒေအထောက် အကူပြုအဖွဲ့မှ၊ ရှေ့နေကြီး ဦးဉာဏ်ဝင်းက ယခုလို ပြောပြပါသည်။

“ဦးခွန်ထွန်းဦးတို့မိသားစုနဲ့ သူတို့ပြီးခဲ့တဲ့စနေနေ့ကတွေ့ခွင့်ရတယ်။ ပူတာအို ထောင်မှာလေ။ နောက်ပြီးတော့ ရှေ့နေကိုယ်စားလှယ်လွှဲစာတွေလဲ အဲဒီနေ့ကရပြီလို့ ဦးအောင်သိန်းက ပူတာအိုကနေ ကျနော်ဆီ လှမ်းဆက်ပြောတယ်။ သူတို့တော့ ပြန်မရောက်သေးဘူး။”

ဦးခွန်ထွန်းဦး၏ ရုပ်ပိုင်းစိတ်ပိုင်းအခြေအနေ ကောင်းမွန်နေကြောင်းလည်း ဦးဉာဏ်ဝင်းက ဆက်လက်ပြောပြသွားပါသည်။

“ကျနော်မေးလိုက်ပါတယ်။ ကျန်းမာရေးဘယ်လိုလဲ။ ကောင်းပါတယ်တဲ့။ စိတ်ဓါတ်လည်း ကောင်းပါတယ်တဲ့။” ဦးခွန်ထွန်းဦးနှင့်အတူ ဖမ်းဆီးထောင်ချခံရသူ ရခိုင်ပြည်နယ် ကျောက်ဖြူထောင်မှ စိုင်းလှအောင်ကိုလည်း မိသားစုဝင်များ၊ ရှေ့နေများနှင့် တွေ့ခွင့်ပေးလိုက်ပြီဖြစ်ကြောင်းသိရပါသည်။

အစသို့

## ဒေါ်စုနှင့် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် အာဆီယံတောင်းဆို

*၁၂ဒီဇင်ဘာ၊ ၂၀၀၅*

မြန်မာစစ်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖေါ်နေကြောင်းသက်သေပြလိုပါလျှင် နေအိမ်အကျဉ်းချုံနေရသည့်၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးအား ပြန်လွှတ်ပေးရန်လိုမည်ဖြစ်ကြောင်း၊ အာဆီယံခေါင်းဆောင်များက ယနေ့ထပ်မံတောင်းဆိုလိုက်ပါသည်။ အမျိုးသားညီလာခံပြန်စနေပါပြီဟု ပြောနေရုံမျှဖြင့် အလုပ်မဖြစ်ကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို စကားလုံးသက်သက်မျှမဟုတ်ဘဲ၊ လက်တွေ့အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်းကိုသာ မြင်လိုကြောင်း အာဆီယံခေါင်းဆောင်များ၏ သတိပေးပြောဆိုလိုက်ခြင်းကို ကွာလာလမ်ပူမှလာသည့် အေဂျင်စီ သတင်းများအရ သိရပါသည်။

အစသို့

## ဗိုလ်ချုပ်ဆေထင်အား မိသားစုနှင့်တွေ့ခွင့်မပြု

*၁၃ဒီဇင်ဘာ၊ ၂၀၀၅*

နိုင်ငံတော်ပုန်ကန်မှုဖြင့် ထောင်ဒဏ် (၁၀၆) နှစ်ကျခံနေရပြီး၊ စစ်ကိုင်းတိုင်းအထက်ပိုင်း ခန္တီးထောင်သို့ပြောင်းရွှေ့ခံလိုက်ရသည့် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) နာယက ဗိုလ်ချုပ်ဆေထင်အား ယခုအချိန်ထိ မိသားစုနှင့်တွေ့ခွင့်မပြုသေးကြောင်း သိရပါသည်။ ဗိုလ်ချုပ်ဆေထင်နှင့် တွေ့ခွင့်ရရန်အတွက် မိသားစုနှင့် ရှေ့နေတဦးလိုက်ပါလျှက်၊ ပြီးခဲ့သည့်အပတ်ကတည်းက ခန္တီးမြို့သို့ ရောက်ရှိနေကြခြင်းဖြစ်ပါသည်။ ထောင်ဆီလိုက် သွားသည့်အခါ **အထက်ကိုအကြောင်းကြားထားပါတယ်၊ အကြောင်းပြန်ကြားချက် မရသေးလို့ပါလို့ဟု** ထောင်အာဏာ ပိုင်များက ပြောကြားခဲ့သည်ဟုဆိုပါသည်။ ဗိုလ်ချုပ်ဆေထင်နှင့်အတူ အဖမ်းခံရသူများဖြစ်ကြသည့် ရှမ်းဒီချုပ် ဥက္ကဌ ဦးခွန်ထွန်းဦး၊ အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်နှင့် ဦးစိုင်းလှအောင်တို့သုံးဦးမှာ သက်ဆိုင်ရာမိသားစုများနှင့် တွေ့ခွင့်ရခဲ့သည့်နည်းတူ၊ အကျိုးဆောင်ရှေ့နေများနှင့်ပါတွေ့ခွင့်ရပြီး၊ ရှေ့နေကိုယ်စားလှယ်လွှဲစာကိစ္စများကို ဆောင်ရွက် နိုင်ခဲ့ပြီဟုသိရပါသည်။ နအဖက ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင် (၉) ဦးကို ဖေဖေါ်ဝါရီလအတွင်းမှာ ဖမ်းဆီးခဲ့ပြီး၊ လွန်ခဲ့သည့်လ အစောပိုင်းမှာဘဲ နှစ်ရှည်ထောင်ဒဏ်များ အသီးသီးချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် အားလုံးကို ဝေးလံသည့်ထောင်များသို့ပို့လိုက်သောကြောင့်၊ သူတို့အားလုံးအယူခံကိစ္စဆောင်ရွက်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း အဖွဲ့ချုပ်ရှေ့နေများမှ ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။

အစသို့

## စစ်သာဦးတို့ (၂) ယောက် အယူခံဝင်ရေး အခက်တွေ့

*၁၄ဒီဇင်ဘာ၊ ၂၀၀၅*

## စာမျက်နှာ ၁၀

ရှမ်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့်အတူ ဖမ်းဆီးခံထားရသည့် ရှမ်းခေါင်းဆောင်များအနက်မှ (၂) ဦးအား၊ မည်သည့်ထောင်တွင်ချုပ်ထားခြင်းကို အတိအကျမသိရသည့်အတွက်၊ အယူခံဝင်ရေးကိစ္စဆောင်ရွက်ရန် အခက်တွေ့နေရသည်ဟု သိရပါသည်။ ယင်းတို့ (၂) ဦးမှာ စိုင်းမျိုးဝင်းထွန်းနှင့် စဝ်သာဦးတို့ဖြစ်ပါသည်။ ထိုသူတို့အား မန္တလေး ထောင်သို့ ပို့လိုက်သည်ဆိုသည့်သတင်းများ အစောပိုင်းက ထွက်ပေါ်ခဲ့သော်လည်း၊ ယခုချိန်ထိ အတိအကျ မသိရ သေးပါ။ ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်းအား ရခိုင်ပြည်နယ်၊ သံတွဲထောင်နှင့် ဦးထွန်းညိုအား ဘူးသီးတောင် ထောင်တွင် ချုပ်နှောင်ထားသည်ဟုသိရပါသည်။ ပခုက္ကူထောင်တွင် ရှိနေသည့် စိုင်းညီမိုးကို ပြီးခဲ့သည့်အပတ်အတွင်းကပဲ သူ့မိသားစု နှင့် တွေ့ခွင့်ပြုခဲ့ကြောင်း အဖွဲ့ချုပ်ရှေ့နေများက ပြောပါသည်။ လောလောဆယ် မိသားစုဖြင့် တွေ့ခွင့်ရသူ စုစုပေါင်း (၄) ဦးရှိပြီဖြစ်ပြီး၊ ယင်းတို့မှာ ပူတာအိုထောင်မှ ဦးခွန်ထွန်းဦး၊ ကလေးထောင်မှ ဦးစိုင်းညွန့်လွင်၊ ကျောက်ဖြူထောင်မှ ဦးစိုင်းလှအောင်နှင့် ပခုက္ကူထောင်မှ စိုင်းညီမိုးတို့ဖြစ်ပါသည်။ ခန္တီးထောင်သို့ပို့ထားသည့် ဗိုလ်ချုပ်ဆေထင်အပါအဝင် (၅) ဦးမှာ အယူခံကိစ္စဆောင်ရွက်နိုင်ရန် ရှေ့နေကိုယ်စားလှယ်လွှဲစာရရှိရေးအတွက် သက်ဆိုင်ရာ မိသားစုများက အပူတပြင်း ဆက်လက်ကြိုးစားနေကြဆဲဖြစ်ကြောင်းသိရပါသည်။ ရှမ်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်း ဆောင် (၉) ဦးအား ဖေဖော်ဝါရီလ အတွင်းက ဖမ်းဆီးခဲ့ပြီးနောက်၊ (၉) လအကြာ နိုဝင်ဘာလ (၃) ရက်နေ့တွင် နှစ်ရှည် ထောင်ဒဏ်များ အသီးသီးချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။

အစသို့

### သတင်းစာဆရာများအား ထောင်ချသည့်စာရင်းတွင် မြန်မာ ပဌမ

*၁၄ဒီဇင်ဘာ၊ ၂၀၀၅*

သတင်းစာဆရာများအား ဖမ်းဆီးထောင်ချသည့် နိုင်ငံများအထဲတွင် တရုတ်၊ ကျူးဘားတို့က ထိပ်ဆုံးတွင်ရှိပြီး၊ မြန်မာနိုင်ငံမှာ ဖမ်းဆီးခံသတင်းစာဆရာ (၅) ဦး နှင့် ပဌမနေရာမှာ ရှိကြောင်း၊ CPJ ခေါ် နိုင်ငံတကာ သတင်းစာဆရာများကာကွယ်ရေးအဖွဲ့မှ ယနေ့ ထုတ်ဖော်ပြောကြားလိုက်ပါသည်။ ဖမ်းဆီးခံနေရသူ (၅) ဦးမှာ ဦးဝင်းတင်၊ ဆရာငြိမ်းသစ်၊ ဦးနေမင်း၊ ဦးအောင်ထွန်းနှင့် ဦးမောင်မောင်လေးငွေတို့ ဖြစ်သည်ဟု CPJ အစီရင်ခံစာ၌ ဖော်ပြ ထားပါသည်။ ယခုလ (၁၀) ရက် နယ်သာလန်နိုင်ငံအခြေစိုက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က၊ ဖမ်းဆီးခံ (၅) ဦးထဲမှ အသက်အကြီးဆုံးနှင့် ကျန်းမာရေးမကောင်းသည့်၊ သတင်းစာဆရာကြီးဦးဝင်းတင် လွတ်မြောက်ရေးအတွက် လှုံ့ဆော်ပွဲတခု ပြုလုပ်ခဲ့သည်ဟု သိရပါသည်။ ယခုလ (၁၀) ရက် နိုင်ငံတကာလူ့အခွင့်အရေးနေ့က နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့တွင် ကျင်းပခဲ့သည့် ဦးဝင်းတင်လွတ်မြောက်ရေးလှုံ့ဆော်ပွဲ၌၊ ပရိသတ် (၂၀၀) ကျော်တက်ရောက်ပြီး၊ ဘေးဖက်နံရံပေါ်တွင် (၆) ပေ (၄) ပေရှိ သံတိုင်ကြားတွင်၊ မတ်တတ်ရပ်နေသော ဦးဝင်းတင်၏ ဓါတ်ပုံကြီးနှင့်အတူ အခြားသတင်းစာဆရာ (၉) ဦး၏ ပုံများကိုပါ ချိတ်ဆွဲပြသထားပါသည်။ နယ်သာလန်နိုင်ငံ AI ဌာနခွဲမှစီစဉ်သည့် အဆိုပါအခမ်းအနားသည် အထိုက်အလျောက်အောင်မြင်ပုံရပြီး၊ ထိုနေ့ထုတ်သတင်းစာများ၌၊ ဦးဝင်းတင်၏ဓါတ်ပုံကြီးနှင့် အတူ၊ မြန်မာနှင့် တခြားနိုင်ငံများအကြောင်း နေရာပေးဖော်ပြထားသည်ကို တွေ့ရပါသည်။ ဦးဝင်းတင်နှင့်အတူ ဖော်ပြခံရသည့်၊ ကမ္ဘာတလွှားမှ အကျဉ်းကျခံသတင်းဆရာ (၁၀) ဦးမှာ တရုတ်နိုင်ငံမှ မစ္စတာဟာတာ၊ ကျူးဘားမှ အာဆာဂါဆီ၊ ဆီးရီးယားမှ ဝါရစ်အယ်ဗာနီ၊ နီးကိုးလစ်တာဗစ် အပါအဝင် တူနီးရှား၊ တာဂျစ်ကစ္စတန်၊ ပီရူးနှင့် ဆူဒန်နိုင်ငံမှ သတင်းစာဆရာများဖြစ်ပါကြပါသည်။ ထို (၁၀) ဦးထဲတွင် အသက်အကြီးဆုံးနှင့် ထောင်ဒဏ်နှစ်ကြီးဆုံး ပုဂ္ဂိုလ်တဦးမှာ မြန်မာနိုင်ငံမှ ဦးဝင်းတင်ဖြစ်ပြီး၊ သူ့အကြောင်းကို ဆွေမျိုးတော်စပ်သူ မသင်းသီရိက အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

မြန်မာပြည်သူများသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် အားသွန်ခွန်စိုက် တစိုက်မတ်မတ် ကြိုးပမ်းနေသည့်အကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား (၁၀၀၀) ကျော်ရှိပြီး၊ ထိုအထဲတွင် သူမ၏ ဦးလေး တော်စပ်သူ ဦးဝင်းတင်လည်းပါကြောင်း၊ မသင်းသီရိမှပြောပြသွားပါသည်။ အသက် (၇၅) နှစ်ရှိနေပြီဖြစ်သည့် ဦးဝင်းတင် အား၊ (၁၉၉၈) ကတည်းက ဖမ်းဆီးခဲ့ခြင်းဖြစ်သည့်အတွက်၊ အခုဆိုလျှင် ထောင်သက် (၁၆) နှစ်ကျော်နေပြီ ဖြစ်သည့် အကြောင်း၊ သူ့လွတ်မြောက်ရေးအတွက် ကျမတို့ ယခုကဲ့သို့ ကြိုးပမ်းနေခြင်းအား သိခွင့်ရမည်ဆိုလျှင် အလွန်ဝမ်းသာ မှာဖြစ်သည့်အကြောင်း၊ ထို့အပြင် ဦးဝင်းတင်သည် (၁၉၅၄)မှ (၁၉၅၇) အထိ အမ်စတာဒမ်တွင်၊ (၅) နှစ်ကြာ၊ သတင်းစာပညာသင်ဖူးခဲ့ပြီး ဒတ်ချ်စကားပြောတတ်သူ၊ သတင်းစာပညာကို တစိုက်မတ်မတ်လေ့လာနေသူဖြစ်ကြောင်း

မသင်းသီရိက ပြောကြားခဲ့ပါသည်။

မသင်းသီရိပြောပြီးတွင် တက်ရောက်လာသောပရိသတ်များက ဦးဝင်းတင်အကြောင်း ရေးထားသည့် သတင်းစာကို အလုအယက်ကြည့်ရှု၊ မသင်းသီရိအား ဝိုင်းဝန်းမေးကြနှင့်၊ ထိုမျှဆိုးရွားရက်စက်သည့် စစ်အစိုးရမျိုး၊ ကမ္ဘာ မြေပေါ်မှာ ယနေ့ထိရှိနေသေးခြင်းကို မယုံကြည်နိုင်အောင်ဖြစ် နေကြသည်။

ထိုအခမ်းအနားသို့ တက်ရောက်လာသော၊ နယ်သာလန်နိုင်ငံမှ သြဇာကြီးမားလှသည့် Green ပါတီမှ ထင်ရှားသည့် လွှတ်တော်ကိုယ်စားလှယ် မစ္စဟာတယ်ဟာရှမာက – –

“ကျမတို့ နယ်သာလန်အစိုးရအနေနဲ့ကတော့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာနဲ့လက်တွဲပြီး မြန်မာစစ်အစိုးရကို ဒဏ်ခတ်အရေးယူတာတွေ လုပ်နေပါတယ်။ ဒါပေမယ့် ဒီလောက်လုပ်ရုံလေးနဲ့ အပြောင်းအလဲ ဖြစ်လာလိမ့်မယ်လို့ ကျမတော့ မယုံကြည်ပါဘူး။ ဒီထက်မက ပြင်းထန်တဲ့ဖိအားပေးမှုတွေလုပ်ဖို့လိုအပ်နေပါတယ်။ ကျမတို့ Green ပါတီရဲ့ အမြင်ကိုပြောရမယ်ဆိုရင် ဒီလိုစစ်အစိုးရမျိုးကို ဒီလိုဝေဖန်နေရုံနဲ့ အလုပ်မဖြစ်ပါဘူး။ ဒီအစိုးရမျိုးတွေကို အပေးအယူလုပ်ပြီး ညှိနှိုင်းလို့လည်းမရပါဘူး။ ပြင်းထန်တဲ့ဖိအားတွေပေးလာမှသာ အပြောင်းအလဲ တွေ ဖြစ်လာနိုင်ဖွယ်ရှိတယ်” ဟု မစ္စဟာရှမာက ပြောသွားပါသည်။

အခမ်းအနားပြီးခါနီးတွင်ထင်ရှားသည့် ဒတ်ချ်တေးသံရှင်တဦးက ဦးဝင်းတင် လွှတ်မြောက်ရေးအတွက် သီချင်းတပုဒ် သီဆိုခဲ့ပြီး၊ တက်ရောက်လာသည့် ပရိသတ်များက ဦးဝင်းတင်လွှတ်မြောက်ရေး တောင်းဆိုထား သည့်စာရွက်ပေါ်တွင် ဝိုင်းဝန်းလက်မှတ်ရေးထိုးကြပါသည်။

အစသို့

## (၈၈) ကျောင်းသားခေါင်းဆောင် ကိုမြတ်စံ ပြန်လည်လွှတ်မြောက်

*၁၄ဒီဇင်ဘာ၊၂၀၀၅*

(၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် ကိုမြတ်စံ ယမန်နေ့က၊ အင်းစိန် အကျဉ်းထောင်မှ ပြန်လွှတ်လာကြောင်း သိရပါသည်။ ကိုမြတ်စံသည် (၈၈) လူထုလှုပ်ရှားမှုမှစပြီး၊ ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လုံခြုံရေး (သုံးရောင်ခြယ်) အဖွဲ့ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပြီး (၁၉၉၁) ခုနှစ်တွင်၊ ဒေါ်အောင်ဆန်းစုကြည် နိုဗယ်လ်ငြိမ်းချမ်းရေးဆု ရရှိခဲ့ခြင်းအား ဂုဏ်ပြုဆန္ဒပြမှုနှင့်ပတ်သက်ပြီး ဖမ်းဆီးထောင်ချခံခဲ့ရခြင်းဖြစ်ပါသည်။ အကျဉ်း ထောင်တွင်း (၁၄) နှစ်တိတိ နေထိုင်ခဲ့ရပြီး၊ နှစ်ပြည့် ပုံမှန်ပြန်လည်လွှတ်မြောက်လာခြင်းဖြစ်ကြောင်း သိရပါသည်။ ဒီဗွီဘီက ဆက်သွယ်မေးမြန်းခဲ့ရာ – – –

“ကျနော်က ပထမ နှစ် (၂၀)နဲ့ တသက်တကျွန်း ပြစ်ဒဏ်ဆိုပြီး (၉၂) ခုနှစ် မတ်လမှာ ပြစ်ဒဏ် စပေး တယ်လေ။ အဲဒီဟာက (၁/၉၃) မှာ ဆယ်နှစ်ဖြစ်သွားတယ်။ အဲဒီလိုနဲ့ (၂၀၀၀) ခုနှစ် (၆) လပိုင်းမှာ ကျနော်က ထောင်နှစ်စေ့တယ်လို့ ပြောရမှာပေ့ါ။ အဲဒီအချိန်မှာ နေလာတာ (၈) နှစ် (၆) လဖြစ်သွားတယ်။ ထောင်မှူးက လာခေါ်တဲ့အခါကြတော့ ထောင်ပူးဝလည်းရောက်ရော လွှတ်တဲ့အကြောင်းပြောတယ်။ ဒါပေမယ့်ဆိုပြီးတော့ ပုဒ်မ (၁၀–က) နဲ့ ဆက်ထိန်းတဲ့အကြောင်း ထုတ်ပြတယ်။ အဲဒီမှာ ရက် (၆၀) သုံးကြိမ်၊ တနှစ်ငါးကြိမ် မနေ့ကထိ (၂၀၀၅) (၁၂) လပိုင်း (၁၃) ရက်နေ့အထိ (၅) နှစ် (၆) လ၊ သူ့အချိန်ကုန်ဆုံးလို့ လွှတ်မြောက်တဲ့ဟာပဲဖြစ်ပါတယ်။ ကျန်းမာရေးက အသင့်အတင့်ကောင်းပါတယ်။ အပြည့်စုံကြီးတော့ မဟုတ်ဘူးပေ့ါ။ ခါးရိုးကျည်းပေါင်းတက်တာ နာတာရှည်တော့ အနည်းအကျဉ်း ရှိတာပေ့ါ။ ဖြစ်တဲ့ ရောဂါကလည်း တခါတလေကြ သိပ်မခံနိုင်ရင် သင်းခွေချပ်ခွဲ သွေးသောက်ရတယ်လေ။ တခါတလေကြရင် အဲဒီရောဂါက ပြန်ဒုက္ခပေးတယ်။ ဗိုက်အောင့်တာတို့၊ အစာအိမ်နံ့ရံ ထိခိုက်တာတို့ ဖြစ်တာပေ့ါ။ တတ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေနဲ့တိုင်ပင်ပြီး၊ ခါတ်မှန်ပြန်ရိုက်ပြီးလိုအပ်တဲ့အခြေအနေကို ကျွမ်းကျင်သူနဲ့ကုရင် စိတ်အေးရ တာပေ့ါ။”

ကိုမြတ်စံအား မလွှတ်ပေးခင် အာဏာပိုင်များဘက်က သတိပေးခြိမ်းခြောက်တားမြစ်သည့် အနှောင်အဖွဲ့များ ရှိပါသလားဟု မေးကြည့်သည့်အခါမှာ – – –

“တာဝန်ရှိတဲ့သူကတော့ ကျနော်ကို တာဝန်ရှိတဲ့စကားပြောပါတယ်။ သူတို့အတတ်နိုင်ဆုံး အကောင်းဆုံး ဖြစ်အောင်တော့ကြိုးစားတယ်ပေ့ါ။ လက်ရှိနအဖအစိုးရ လက်ကိုင်ထားတဲ့ တို့တာဝန်အရေး (၃) ပါးဖြစ်တယ်ပေ့ါ။ အဲဒါကို ထိခိုက်နှောင့်ယှက်လာရင်တော့ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရမယ်ပေ့ါ။ ကျန်တာကတော့ ကိုယ့်ယုံကြည်ချက်ခံယူချက်နဲ့ လွတ်လွတ်လပ်လပ် နေထိုင်ဆောင်ရွက်နိုင်တယ်ပေ့ါ။ ဥပဒေဘောင် ကျော်လွန်လာရင် တော့ ဥပဒေအတိုင်း အရေးယူမယ်လို့ ကျနော်ကို အသိပေးတယ်။”

ယခုကဲ့သို့လွတ်လာသည့်အခါတွင် ကိုမြတ်စံက သူ့အမြင်များအား အောက်ပါအတိုင်းပြောပြပါသည်။

“(၁၄) နှစ်ဆိုတဲ့ကာလကလည်း (၁၀) စုနှစ်တစုကျော်ဆိုတော့မနည်းဘူးပေါ့။ ခြားနားချက်တွေကတော့ အများကြီးပါ။ ပတ်ဝန်းကျင်အနေအထားကတော့ လွန်ခဲ့တဲ့ (၁၄) နှစ်က သွားလာခဲ့တဲ့နေရာလေးတွေ ရောက်ရင် တောင်မှ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုလေးတွေ တွေ့ရပါတယ်။ ဒါပေမယ့်ကျနော့်အနေနဲ့ နှစ်ကာလကြာတဲ့ ဖြတ်သန်းမှုမှာ ပြောင်းလဲမှုတခုတော့ အစစ်အမှန်ဖြစ်စေချင်တယ်ပေါ့။ အဲဒါက တကယ့်ရုပ်ပိုင်းဆိုင်ရာထက် နိုင်ငံရေးအရ အနှစ်သာရရှိ တဲ့ ပြောင်းလဲမှုတခုပေါ့။ ဥပမာ ကျနော်တို့ ကျောင်းသားဘဝ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က ရှိတဲ့ ရည်မှန်းချက်ပေါ့။ မြန်မာနိုင်ငံရဲ့တည်ငြိမ်အေးချမ်းတဲ့အခြေအနေတခု ဖြစ်ထွန်းဖို့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ လမ်းကြောင်းမှာ အားလုံးကတတ်နိုင်သမျှ ဝိုင်းဝန်းကြိုးပမ်းပြီးတော့၊ ပြောင်းလဲမယ့်အရိပ်လက္ခဏာမျိုး ရှိလားလို့ ကျနော်စဉ်းစားကြည့်တယ်။ မှန်းကြည့်တယ်ပေါ့။ မြင်သလောက်လေးပေါ့။ အခုလောလောဆယ်တော့ အမျိုးသား ညီလာခံကျင်းပနေတဲ့သတင်းကို၊ ကျနော်မနေ့ညကပဲ သိလိုက်ရတယ်။ ဘယ်လို အတိုင်းအတာနဲ့ ဘယ်လိုဆက်ဖြစ် မလဲဆိုတာ၊ ကျနော်လည်း ဂဃဏန မပိုင်းဖြတ်တတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်ကိုတော့ ဆက်လက် ထိန်းသိမ်း ထားတယ် ဆိုတာကတော့ သိနေဆဲပဲ။ အဲဒီတော့ တကယ့်အစစ်အမှန်ပြောင်းလဲဖို့ ဆိုရင်တော့၊ အားလုံး လိုလားတဲ့ ငြိမ်းချမ်းတဲ့ လမ်းကြောင်းတခုကို ရောက်နိုင်ဖို့အတွက် အားလုံး သင့်သင့်မြတ်မြတ်နဲ့ ဝိုင်းပြီးတော့ ဖြေရှင်းကြမယ်ဆိုရင်၊ တကယ့် ရုပ်ပိုင်းဆိုင်ရာအရ အသွင်သဏ္ဍာန်နဲ့၊ အနှစ်သာရအရ ပြောင်းလဲမယ့် လက္ခဏာတခု မြင်ချင်တယ်ပေါ့။ အခုတော့ ဘယ်လိုပြောမလဲ မြင်ရလားမမြင်ရလားတော့ မသိဘူး ဝိုးတိုးဝါးတားပဲ။”

ရှေ့ဆက်ပြီး သူ့အနေနှင့် မည်သို့ဖြတ်သန်းချင်သည့်အကြောင်း ယခုလို ပြောပြသွားခဲ့ပါသည်။

“ကျနော် လွတ်မြောက်ပြီးသော်ငြားလည်းပဲ ကျန်ရှိနေတဲ့လူတွေအတွက် မျှော်လင့်ချက် ထားလို့ရသေးတယ်။ သူတို့လည်း ကျနော့်လိုပဲ နှစ်ရှည်ကျနေကြတာ။ သူ့တို့မိသားစုတွေလည်း ကျနော်လွတ်မြောက်လာသလို မျှော်လင့် နေကြမှာ အဲဒီအတွက်တော့ စိတ်မကောင်းဘူးပေါ့။ ဒါပေမယ့် သူတို့အတွက်၊ ကျနော်အကောင်းဆုံး ဘာလုပ်ပေးနိုင် မလဲဆိုတာကို စဉ်စားရတာပေါ့။ ဖြစ်တာမဖြစ်တာတပိုင်းပေါ့။ တဖက်က ကိုယ်ရှိနေတဲ့ ရှင်သန်မှုလေးကိုတော့ ရှင်သန်နိုင် အောင် ကြိုးစားလိုက်ရင် အောင်မြင်မယ်လို့ ကျနော်ထင်ပါတယ်။”

ကိုမြတ်စံ လွတ်မြောက်လာခြင်းအား (၈၈) မျိုးဆက်ကျောင်းသားများက ကြိုဆိုလိုက်ပြီး ကျောင်းသား ခေါင်းဆောင် ကိုကိုကြီးနှင့် ကိုပြုံးချိုတို့က၊ ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ယခုကဲ့သို့ ပြောဆိုလိုက်ပါသည်။

“ကျနော်တို့ကတော့ နိုင်ငံရေးအကျဉ်းသားတွေ လွတ်လာဖို့အတွက်ကို အမြဲတမ်း မျှော်လင့်နေတာပါပဲ။ နောက် ဒီလိုမျိုး နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ဖို့အတွက်ကို ပြင်ပကနေပြီးတော့ တိုက်တွန်းကြတဲ့၊ အားပေးကြတဲ့၊ နိုင်ငံတကာမိတ်ဆွေတွေ၊ အဖွဲ့အစည်းတွေအားလုံးကိုလည်း ကျနော်တို့က အမြဲတမ်းကို ကျေးဇူးတင် နေပါတယ်။ သူတို့ရဲ့ ဆောင်ရွက်မှုတွေကိုလည်း ကျနော်တို့က လေးစားပါတယ်။”

“ကျနော်တို့အနေနဲ့ ဒီမြန်မာ့နိုင်ငံရေးဖြစ်စဉ်ရဲ့ အခြေအနေတွေအားလုံးကို သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေ ဖြစ်ဖို့အတွက်ဆိုလို့ရှိရင်၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွတ်ဖို့လိုပါတယ်။ ဒီနေ့ကိုမြတ်စံပြန်လွတ်လာတဲ့ ကိစ္စ၊ ဒီအနေအထားနဲ့တွက်မယ်ဆိုလို့ရင်၊ သိသာတယ်လို့ ပြောလို့မရသေးဘူး။ ဘာကြောင့်လဲဆိုတော့ ကျနော်တို့ ဖမ်းဆီးထိန်းသိမ်းပြီးတော့ ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရတဲ့ အကျဉ်းသားတွေ၊ ထောင်နဲ့ချီပြီးတော့ ရှိနေတယ်။ ဒီလူတွေရဲ့ စားရေးသောက်ရေး၊ နေရေးထိုင်ရေး အနေအထားအားလုံးပြောင်းလဲဖို့ နောက်ဆုံးကုန်ကုန်ပြောရမယ် ဆိုလို့ရှိရင် နိုင်ငံရေးအကျဉ်းသားတွေအားလုံး အပြင်ရောက်မှသာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုလို့ ပြောလို့ ရပါမယ်။”

အစသို့

## ဦးခွန်ထွန်းဦး ရှေ့နေများ မိသားစုဝင်များနှင့် မိနစ် (၃၀) ကြာ တွေ့ခွင့်ရ

*၁၆ဒီဇင်ဘာ၊ ၂၀၀၅*

ညောင်နှစ်ပင်ညီလာခံအား ဝေဖန်ခြင်း၊ စစ်အစိုးရအား အကြည်ညိုပျက်အောင်လုပ်ဆောင်ခြင်းစသည့်ပြစ်မှု များဖြင့်၊ ထောင်ဒဏ် (၉၃) နှစ်ချခံထားရသော၊ ပူတာအိုထောင်မှ ဦးခွန်ထွန်းဦးကို ရှေ့နေများ၊ မိသားစုဝင်များနှင့် မိနစ် (၃၀) ကြာတွေ့ခွင့်ပေးခဲ့ကြောင်း သိရပါသည်။ ရှေ့နေ ဦးအောင်သိန်းနှင့် ဦးခွန်ထွန်းဦး၏ဇနီးသည် ဒေါ်ဝေဝေလွင်တို့ကို ယခုလ (၁၀) ရက်နေ့၌ တွေ့ခွင့်ပေးလိုက်ခြင်းဖြစ်ပြီး၊ အယူခံဝင်နိုင်ရန်ပါဝါလွှဲစာပါရခဲ့ကြောင်း၊ ဦးအောင်သိန်းမှ ဒီဗွီဘီသို့

ပြောကြားခဲ့ပါသည်။ သို့သော် လွယ်လွယ်ကူကူဖြင့် တွေ့ခွင့်ရခြင်းမျိုးမဟုတ်ဘဲ၊ သတင်းတပတ်နီးပါးကြာ စောင့်ဆိုင်းပြီးမှ၊ အာဏာပိုင်အဆင့်ဆင့်ထံ တင်ပြပြီးမှ ရခဲ့ခြင်းဖြစ်ကြောင်း ဦးအောင်သိန်းက ပြောပါသည်။

"ကျနော်တို့က (၄) ရက်နေ့ ပူတာအိုရောက်တယ်။ လေယာဉ်ပျံနဲ့။ (၅) ရက်နေ့ ပူတာအိုထောင်ကို သွားပြီးတော့ မိသားစုတွေ့ဆုံခွင့်နဲ့ ရှေ့နေပါဝါ သွားတင်တယ်။ အဲဒီနေ့က ပါဆယ်ပေးခွင့်ရတယ်။ မိသားစုတွေ့ဆုံခွင့်နဲ့ ရှေ့နေပါဝါကိုတော့ ရန်ကုန်က အကျဉ်းဦးစီးဌါနညွှန်ကြားရေးမှူးချုပ်ရုံးကို ခွင့်လှမ်းတောင်းရမယ်လို့ပြောတယ်။ ကျနော်တို့ ကလည်း၊ ရတယ်ကိစ္စမရှိဘူး စောင့်ပါမယ်လို့ပြောလိုက်တယ်။ စောင့်နေရင်းတန်းလန်းနဲ့ (၈) ရက်နေ့ထိ ဘာမှအဖြေကမထူးဘူး။ မထူးတာနဲ့ ကျနော်က ရှေ့နေတယောက်အနေနဲ့ အဲဒီလောက်အကြာကြီးနေလို့မရဘူး။ ပါဝါရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျမ်းကျိန်လွှာတော့ ကျနော်လုပ်သွားမယ်။ ရှေ့နေတယောက်အနေနဲ့လုပ်တယ်။ နောက်ပြီးတော့ ခွန်ထွန်းဦးဇနီး ဒေါ်ဝေဝေလွင်နဲ့ ကျမ်းကျိန်လွှာတစောင်လုပ်တယ်။ နှစ်စောင်ပေါ့။ ပူတာအိုတရားရုံးသွားကျမ်းကျိန်တော့ (၉) ရက်နေ့မှာ၊ ခယက ကို သွားပြီးတင်ပြတယ်။ တရားသူကြီးက (၉) ရက်နေ့ (၁၂) နာရီ၊ (၁) နာရီလောက်မှာ ကျနော်တို့ကို လူတွေ့လည်းရပြီ၊ ရှေ့နေပါဝါလည်း ရပြီလို့ အကြောင်းကြားတယ်။"

ပူတာအိုမြို့ တရားစီရင်ရေးအခြေနေအား ဦးအောင်သိန်း ရှင်းပြခဲ့ခြင်းဖြစ်ပါသည်။ (၁၀) ရက်နေ့တွင် ဦးခွန်ထွန်းဦးအား၊ သီးခြားစီတွေ့ခွင့်ရပြီး အယူခံဝင်နိုင်ရန် ပါဝါလွှဲစာရရှိခဲ့ပုံနှင့် ဦးခွန်ထွန်းဦး၏ကျန်းမာရေးအခြေနေကို သူက ယခုလို ဆက်ရှင်းပြခဲ့ပါသည်။

"ရှေ့နေကအရင်တွေ့ရပါတယ်။ ပြီးတော့မှသူ့ဇနီး တွေ့ခွင့်ရပါတယ်။ ကျန်းမာရေးက ရောက်ခါစအပိုင်းက ရာသီဥတုအပြောင်းအလဲဒဏ်ကို သူနည်းနည်းခံရတယ်ပေါ့။ သူ့မှာလဲ ဆီးချိုရှိတယ်။ နောက်ရောဂါလဲ ရှိတယ်လို့ သိရပါတယ်။ အခုကျနော်တို့တွေ့တဲ့အချိန်ကတော့ ကျန်းမာရေး ကောင်းတဲ့သဘောတော့ရှိပါတယ်။ ဒါပေမဲ့ ခက်တာက ပူတာအိုရာသီဥတုကကြမ်းတယ်။ အေးရင်လည်းတော်တော်အေးတယ်။ နွေကြရင်တော်တော်ပူတယ်။ မိုးတွင်းကြရင် မိုးတော်တော်များတယ်။ သူ့အသက်အရွယ် (၆၅) နှစ်။ သူ့အသက်အရွယ်အရဆိုရင် ရေရှည်မှာတော့ ကျန်းမာရေး အခြေအနေက ရာသီဥတုဒဏ်ကိုသူခံနိုင်မယ်လို့ ကျနော်မထင်ဘူး။"

ဦးခွန်ထွန်းဦး၏ကျန်းမာရေးအခြေနေဖြစ်ပါသည်။ ရှေ့နေမပါသည့် တရားစီရင်ခံရမှု၊ ထောင်ဒဏ်နှစ်ရှည် ချမှတ် ခံရမှု၊ စသည့်ကိစ္စများနှင့်စပ်လျဉ်း၍ သူ့လူထုအား ဦးခွန်ထွန်းဦးက မည်သို့အမှာစကားပါးများလိုက်ပါသနည်း ဆိုသည့်အမေးအား – –

"သူကတော့ မိသားစုနဲ့ တွေ့ဆုံခွင့် ရှေ့နေငှားရမ်းခွင့်ကို သူတောင်းတယ်ပေ့ါ။ သူပြောတဲ့ရှေ့နေသွားပြီးတော့ ပြောတဲ့အခါကြတော့ အာဏာပိုင်အဖွဲ့ကနေပြီးတော့ ခရီးလွန်နေတယ်၊ ရှာမတွေ့ဘူး၊ ဆေးရုံတက်နေတယ်။ အဲဒီလိုပေ့ါ အကြောင်းအမျိုးမျိုးပြတယ်လို့ သူပြောတယ်။ သူတို့ဒီဘက်မှာက ကျွန်းကျတဲ့ ပုဒ်မတွေပါတဲ့အတွက်ကြောင့် နိုင်ငံတော်ကရှေ့နေငှားပေးတယ်ပေ့ါ။ အဲဒီရှေ့နေနဲ့ပဲ ဆက်ပြီးစခန်းသွားလိုက်ရတယ်လို့ သူပြောပါတယ်။ နောက်တချက် က၊ သူ့ကိုစွဲဆိုထားတဲ့ပုဒ်မတွေနဲ့ ပတ်သက်ရင်တော့ သူ့ဘက်က ပြစ်မှုကျူးလွန်တယ်၊ အပြစ်ရှိတယ်လို့ သူမယူဆ ဘူးပေ့ါနော်။ လူကြီးတွေက၊ အာဏာပိုင်အဖွဲ့အစည်းတွေက သူ့အပေါ်မှာ မကြည်တဲ့အရာ ရှိကောင်းရှိမယ်။ သူ့အပေါ် သံသယတွေ ရှိကောင်းရှိမယ်ပေ့ါ။ နောက်တချက်က နိုင်ငံတော်ပုန်ကန်စရာလည်း အကြောင်းမရှိဘူး၊ အစိုးရကို အကြည်ညိုပျက် အောင်ပြောစရာ အကြောင်းလည်းသူ့မှာမရှိဘူးပေ့ါ။ ပါတီဥက္ကဌအနေနဲ့ ပြောရရင် (၁၄–၁၅) နှစ် အစိုးရနဲ့ သူ အဆင်ပြေစွာ ဆောင်ရွက်ခဲ့တဲ့သူတယောက်ဖြစ်တယ်ပေ့ါ။ ဘာမှပြဿနာမပေါ်ခဲ့ဘူးပေ့ါ။ အခုလို အချိန်မှ သူ့ကို အဲဒီလိုပြဿနာတွေနဲ့ စွဲခံရတယ်ဆိုတော့၊ သူတောင်တော်တော်အံ့အားသင့်မိတယ်လို့ ပြောပါတယ်။"

ညောင်နှစ်ပင်ညီလာခံကို ဝေဖန်ခြင်း စစ်အစိုးရအားအကြည်ညိုပျက်အောင် လှုံ့ဆော်ခြင်းစသည့် စွပ်စွဲချက် များဖြင့်၊ ထောင်ဒဏ် (၉၃) နှစ်ချခံထားရသော၊ ပူတာအိုထောင်မှ ဦးခွန်းထွန်းဦး၏ အခြေနေအား၊ ရှေ့နေဦးအောင်သိန်း ရှင်းပြသွားခြင်း ဖြစ်ပါသည်။ ဦးခွန်ထွန်းဦးအပါဝင် ရှမ်းခေါင်းဆောင် (၁၀) ဦးအား အခုနှစ်ဖေဖေါ်ဝါရီလ (၉) ရက်နေ့တွင်၊ စတင်ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး၊ ပြီးခဲ့သည့် နိုဝင်ဘာလ (၃) ရက်နေ့၌ ထောင်ဒဏ်နှစ်ရာနှင့်ချီ ချမှတ်ခဲ့ပါသည်။ ထို့နောက် ဝေးလံခေါင်ဖျား၊ နယ်စပ်ဒေသ အကျဉ်းထောင်များသို့ ပို့လိုက်ခြင်းကြောင့် အချိန်မှီအယူခံဝင်နိုင်ရေးအတွက် မိသားစုနှင့် ရှေ့နေများ၊ ယခုကဲ့သို့ အပူတပြင်းကြိုးပမ်းနေခြင်းဖြစ်ပါသည်။ ယခုချိန်ထိရထားသည့် စာရင်းများအရ ပူတာအိုထောင် တွင် (၉၃) နှစ်ကျခံနေရသည့် ခွန်ထွန်းဦးနှင့် ကလေးထောင်၌ (၈၅) နှစ်ကျခံနေရသော စိုင်းညွန့်လွင်တို့အား၊ ရှေ့နေ ဦးအောင်သိန်း ကိုယ်တိုင် တွေ့ခွင့်ရပြီးဖြစ်သကဲ့သို့၊ ခန္တီးထောင်တွင်၊ ထောင်ဒဏ် (၁၀၆) နှစ်ကျခံနေရသူ ရှမ်းပြည် တပ်မတော်(မြောက်ပိုင်း) နာယက ဗိုလ်ချုပ် ဆေထင်ကိုလည်း၊ ယခုလ (၁၃) ရက်နေ့တွင် အခြားရှေ့နေတဦးနှင့် တွေ့ခွင့် ပေးလိုက်ပြီဟု သိရပါသည်။

အလားတူ ကျောက်ဖြူထောင်၌ (၇၅) နှစ်ကျခံနေရသည့်၊ စိုင်းလှအောင်ကို ရှေ့နေနှင့် တွေ့ခွင့်ပေးခဲ့ပါသည်။ သို့သော် သံတွဲထောင်တွင် (၇၅) နှစ်ကျခံနေရသည့်၊ ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်းနှင့် ဘူးသီးတောင်ထောင်၊ ပခုက္ကူထောင်နှင့် အခြားထောင်များ၌ရောက်နေကြသည့် ဦးဘသင်၊ စိုင်းညီမိုး၊ စိုင်းမျိုးဝင်းထွန်း၊ စဝ်သာဦးနှင့် တောင်ကြီးမြို့တွင် နေအိမ် အကျယ်ချုပ်ကျခံနေရသော၊ ရှမ်းဝါရင့်ခေါင်းဆောင် ဦးရွှေအုန်းတို့၏ အခြေနေများကို အခုချိန်ထိ ရှင်းရှင်းလင်းလင်း မသိရသေးပါ။

အစသို့

## ဦးသိန်းလွင်ဦး အပါအဝင် (၉) ဦးအားမိသားစုနှင့်တွေ့ခွင့်ပြု

*၁၇ဒီဇင်ဘာ၊၂၀၀၅*

ရန်ကုန် အိုင်အယ်လ်အို ရုံးထံသတင်းပေးမှု၊ ပြည်ပအဖွဲ့အစည်းများနှင့်ဆက်သွယ်မှု စသည့်စွဲချက်များဖြင့် ဖမ်းဆီးထောင်ချခံနေရသည့်၊ ရန်ကုန်မြောက်ဥက္ကလာပမှ ဦးသိန်းလွင်ဦးအပါအဝင် (၉) ဦးအား၊ ယနေ့တွင် သက်ဆိုင်ရာ မိသားစုများနှင့် ထောင်ဝင်စာတွေ့ခွင့်ပြုလိုက်ကြောင်း သိရပါသည်။ ယင်းတို့ အားလုံး အင်းစိန်ထောင်တွင်ရှိနေကြပြီး၊ ကျန်းမာရေးလည်းကောင်းကြောင်း မိသားစုများနှင့်နီးစပ်သူများကဆိုပါသည်။ စတင်ဖမ်းဆီးချိန်မှစ၍ ယခုအကြိမ်သည် ပဌမဆုံးအကြိမ်အဖြစ် မိသားစုနှင့်တွေ့ရခြင်းဖြစ်ပါသည်။ သူတို့အား နိုင်ငံရေးပုဒ်မများ အပါအဝင် အခြားပုဒ်မများစွာနှင့် စွဲချက်တင်ဖမ်းဆီးပြီး ထောင်ဒဏ် အနည်းဆုံး (၈) နှစ်မှ (၂၅) နှစ်အထိ ချမှတ်ခဲ့ကြောင်း၊ ဦးသိန်းလွင်ဦး၏ မိတ်ဆွေတဦး မှပြောပြခဲ့ပါသည်။

"ကိုဝေလင်းက (၅ – ည)(၅ – င)(၁၃ – ၁)(၁၇ – ၁)(ဖ – ၁)။ နှစ်နဲ့ဆိုရင် (၇ – ၇ – ၅ – ၃ – ၃) ပေါင်း (၂၅) နှစ်။ ဦးဝင်းမြင့်က (၅ – ည)(၅ – င) ကြိုးမဲ့ကြေးနန်း (ဖ – ၁)။ နှစ်နဲ့ဆိုရင် (၇ – ၇ – ၃) ပေါင်း (၁၇)နှစ်။ ဦးလှမြင့်သန်းက (၅ – င)(၁၇ – ၁) ကြိုးမဲ့ကြေးနန်း (ဖ – ၁) နှစ်နဲ့ဆိုရင် (၇ – ၃ – ၅ – ၃) ပေါင်း (၁၈) နှစ်။ ဦးသိန်းလွင်ဦးက (၁၃ – ၁)(၁၇ – ၁) နှစ်နဲ့ဆိုရင် (၃ – ၅) ပေါင်း (၈) နှစ်။ နောက် မအေးသီခိုင်၊ ဒေါ်ယဉ်ကြည်၊ ဦးရဲမြင့်၊ မအေးချမ်း၊ ဦးမြင့်လွင် သူတို့တွေလည်း (၁၃ – ၁)(၁၇ – ၁)။ အားလုံး (၈) နှစ်စီဘဲ။

ဦးသိန်းလွင်ဦး၏သား ကိုအောင်မြင့်သိန်းမှာ စီရင်ချက်ချရန် ရက်ပိုင်းအလိုတွင် အင်းစိန်ထောင်၌ ကွယ်လွန်သွားခဲ့ ပါသည်။ ၄င်းသေဆုံးရခြင်းမှာ ဝမ်းရောဂါကြောင့်ဟု ထောင်အာဏာပိုင်များကဆိုသော်လည်း၊ အမှန်တကယ်မှာ ဆေးကုသမှုများယွင်းခြင်းနှင့် အစာအဟာရပြတ်လတ်မှုကြောင့်ဖြစ်ကြောင်း ဖခင်ဖြစ်သူ ဦးသိန်းလွင်ဦး၏ မိတ်ဆွေမှ ပြောပြပါသည်။

"ဦးသိန်းလွင်ဦး သူ့သားနဲ့ပတ်သက်လို့ပြောတာက၊ သူ့သားက အမှန်က ဝမ်းမကောင်းတာတဲ့။ အဲဒါကို တီဘီ ဆိုပြီး ဆေးရုံကြီးကိုတင်တယ်တဲ့။ ရန်ကုန်ဆေးရုံကြီးလား၊ အင်းစိန်ဆေးရုံလားတော့ မသိဘူး။ အပြင်ထုတ်ကုတယ်။ ဆေးရုံမှာလက်ထိတ်ခတ်ထားတယ်။ အိမ်နဲ့တွေ့ခွင့်မပေးဘူး။ ဆိုတော့ ဘယ်သူမှလာပြီးကျွေးမွေးပြုစုမယ့်သူမရှိဘူး။ ဆေးကတော့ တီဘီဆေးတွေကျွေးတယ်။ ဆေးပြင်းတွေသာတိုက်နေတာ၊ အစာအဟာရက ဘာမှမစားရဘူး။ နောက်ဆုံးငတ်နေတော့၊ မခံနိုင်တော့တာနဲ့ သူကိုက်တိုင်လတ်မှတ်ထိုးပြီး ဆေးရုံးကဆင်းလိုက်တယ်။ ဒါနဲ့ထောင်ဆေးရုံ ပြန်ရောက်လာတယ်။ ထောင်ဆေးရုံရောက်တော့ သူ့အဖေနဲ့ တရက်နှစ်ရက်အတူနေလိုက်ရတယ်။ သူ့အဖေကသွားပြီး ပြုစုပေးလိုက်ရသေးတယ်။ ဆေးကတော့ တီဘီဆေးတွေဘဲ ဆက်တိုက်နေတာလို့ဆိုတယ်။ အမှန်ကတီဘီမဟုတ်ဘူး။ အရင်ကလည်း တီဘီ မရှိဘူး။အစာရေစာတော်ပြီးသေရတဲ့သဘောပဲ"

ကိုအောင်မြင့်သိန်းသေဆုံးရခြင်းပတ်သက်၍ ဦးသိန်းလွင်၏ ပြောပြချက်များကို သူ့မိတ်ဆွေထံမှတဆင့် သိရခြင်းဖြစ်ပါသည်။

အစသို့

## ကိုကျော်ဆွေနှင့်ကိုညွန့်အောင်တို့၏ကျန်းမာရေး စိုးရိမ်ရ

*၁၅ဒီဇင်ဘာ၊၂၀၀၅*

လွန်ခဲ့သည့်အပတ်က မုံရွာထောင်မှ ကလေးမြို့အကျဉ်းထောင်သို့ ပြောင်းရွှေ့ခံခဲ့သည့်၊ ချောင်းဦးမြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ကိုကျော်ဆွေနှင့် မုံရွာမြို့မှကျူရှင်ဆရာ ကိုညွန့်အောင်တို့အား သာမန်ရာဇဝတ် အကျဉ်းသားများနှင့်အတူ ရောနှောထားခြင်းကြောင့်၊ ယင်းတို့၏ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်နေကြောင်း သိရပါသည်။ သူတို့နှင့်အတူနေထိုင်ကြသည့် ရာဇဝတ်အကျဉ်းသားတော်တော်များများသည် ဝဲနှင့်ယားနာများ ပေါက်နေကြရုံသာမက၊ ချောင်ဆိုးဝေဒနာများပါ ခံစားနေကြရသူများဖြစ်ကြောင်းသိရပါသည်။ ထို့ကြောင့် တီဘီရောဂါပိုး ကူးစက်ခံရမည်ကို စိုးရိမ်နေရသည်ဟု၊ ယခုလ (၁၅) ရက်နေ့ကမှ ထောင်ဝင်စာတွေ့ခဲ့သည့် မိသားစုဝင်များက ပြောပါသည်။

ထောင်ထဲတွင် ICRC က တူးပေးထားသည့် အဝီစိရေတွင်းအတွက်ကုန်ကျမည့်စက်ဆီဖိုးကို အကျဉ်းသားများထံမှ ကောက်ယူသုံးစွဲနေသည့်ကြားမှ၊ ကလေးအကျဉ်းထောင်ထဲတွင် မျက်နှာသစ်ရေ အလုံအလောက် မရဖြစ်နေသည်ဟုသိရပါသည်။ ထိုကဲ့သို့ ရေအလုံအလောက်မရသည့်အတွက် ဝဲနှင့်ယားနာ၊ ဝေဒနာရှင်များ၏ အခြေအနေပိုဆိုးရခြင်းဖြစ်ကြောင်း ထောင်နှင့်နီးစပ်သူများထံမှတဆင့် စုံစမ်းသိရှိရပါသည်။

အစသို့

## ဗိုလ်ချုပ်ဆေထင်အား မိသားစုများ ရှေ့နေများနှင့်တွေ့ခွင့်ပြု

*၁၉၊ဒီဇင်ဘာ၊၂၀၀၅*

ထောင် (၁၀၆) နှစ်ချမှတ်ခံထားရသော ရှမ်းပြည်အမျိုးသားကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်ကို မိသားစုနှင့်အတူ၊ ရှေ့နေတစ်ဦးပါ တွေ့ခွင့်ရခဲ့ကြောင်းသိရပါသည်။ ဗိုလ်ချုပ်ဆေထင်အား ဝေးလံခေါင်ဖျားလှသည့် ခန္တီးထောင်သို့ ပြောင်းရွှေ့ထားခြင်းဖြစ်ပြီး၊ အယူခံဝင်နိုင်ရေးအတွက် မိသားစုနှင့်အတူ၊ အကျိုးဆောင်ရှေ့နေကြီး ဦးအောင်သိန်း၏ ကိုယ်စားလက်ထောက်ရှေ့နေတဦးက သွားရောက်တွေ့ဆုံခဲ့ခြင်းဖြစ်ပါသည်။ ခရီးဝေးလွန်းပြီး လေယဉ်လက်မှတ် ခက်ခဲခြင်းကြောင့်၊ ယနေ့မှ ပြန်ရောက်လာသည့်အကြောင်း၊ ဦးအောင်သိန်းက ဒီဗွီဘီသို့ ယခုကဲ့သို့ ရှင်းပြပါသည်။

"ဗိုလ်ချုပ်ဆေထင်ကို အန်ကယ်တို့အဖွဲ့က အန်ကယ့်လ် Junior မိန်းကလေးတယောက် သွားတွေ့တာပါ။ ပါဝါယူဖို့ဆိုတာ့ အန်ကယ်တို့က ဦးကြည်ဝင်းရယ်၊ အန်ကယ်လ်ရယ်၊ ဦးဉာဏ်ဝင်းရယ် (၃) ယောက်က၊ တာဝန်ယူ လုပ်ထားတာ။ ဦးဉာဏ်ဝင်းကလည်း မအားဘူးလေ၊ နောက်တခါ ဦးကြည်ဝင်းကလည်း သူ့အသက်အရွယ်အရ သူလည်း ဒီမှာအလုပ်တွေကရှိနေတော့ ခန္တီးတို့၊ ကျောက်ဖြူတို့ကြတော့ အန်ကယ်တို့အဖွဲ့က Junior တွေပေါ့။ မိန်းကလေးတွေပါ။ ပါဝါယူရုံသက်သက် အကူညီတောင်းပြီးလွှတ်ခိုင်းရတာပါ။ တွေ့ခွင့်ရတယ်။ ပါဝါလည်းရခဲ့တယ်ဆိုတဲ့ အကြောင်းပြောပါတယ်။ သူတို့ဒီနေ့မှ ပြန်ရောက်တယ်။ ပါဝါရပြီဆိုတော့ လုပ်ငန်းက ပြီးလာခဲ့ပြီပေါ့နော်။"

ဒီဗွီဘီ ။ ။ ဗိုလ်ချုပ်ဆေထင် ကျန်းမာရေးအခြေအနေ ဘယ်လိုရှိလဲ။

"တွေ့ပြီးပြန်လာတဲ့သူ ရောက်တော့ရောက်ပြီမတွေ့ရသေးဘူး။ မနက်ဖြန်လောက်ဆိုရင်တော့ သူနဲ့ တွေ့ရင်တွေ့ရမှာပဲ။ ရာသီဥတုဆိုးတော့ အသက်အရွယ်ကြီးတဲ့သူအတွက်ကတော့ မကောင်းပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့နော်။ သူတို့ချထားတာက တကယ့်နှစ်ရှည်ထောင်ဒဏ်၊ ကျွန်းဒဏ်တွေဆိုတော့ အဲဒီလိုကာလမျိုး၊ အဲဒီရာသီဥတုဒဏ် တကယ်ဆိုးရွားရင်တော့၊ သူတို့အသက်အရွယ်အရ မသင့်တော်တဲ့နေရာတွေပါ။ ဗိုလ်ချုပ်ဆေထင်ကို အန်ကယ် ခန့်မှန်းတာကတော့ (၇၀) နားနီးပါး၊ (၇၀) ပတ်ဝန်းကျင်မှာ ရှိလိမ့်မယ်ထင်တယ်။ ကျနော်လည်း တရားရုံးတွေ လျှောက်သွားနေရတော့ သူနဲ့မချိတ်မိသေးဘူး။ ပါဝါရပြီဆိုပြီး ရုံးခန်းတော့လာပေးသွားပြီးပြီ။"

ဒီဗွီဘီ ။ ။ အခု ပါဝါလွှဲစာ ဘယ်နှစ်ယောက်ရထားပြီလဲ။ အယူခံရော ဘယ်တော့လောက် တင်ဖြစ်မလဲ။

"ဇန်နဝါရီနောက်ဆုံးပတ် ပတ်ဝန်းကျင်လောက်တော့ တင်ဖြစ်လိမ့်မယ်လို့ထင်တာပါပဲ။ ကူးယူခွင့်ရရှိတဲ့နေ့ကစပြီး ရက်ပေါင်း (၉၀) ပေါ့နော်။ အခုပဲ (၁) လကျော်လာပြီ။ (၁) လခွဲလောက်ရှိလာပြီပေါ့။ ဇန်နဝါရီလ မကုန်ခင်လောက် တင်ဖြစ်လိမ့်မယ်ထင်တယ်။ ဘာမှအမှုတွဲမှ မဖတ်ရသေးဘူး။ ပါဝါရမှ ကူးခွင့်ရတာကိုး။ ဦးခွန်ထွန်းဦးရပြီ၊ စိုင်းညွှန့်လွင်ရပြီ၊ ဗိုလ်ချုပ်ဆေထင်ရပြီ၊ နောက်ပြီးတော့ စိုင်းလှအောင်ရပြီ။ အဲဒီ (၄) ယောက်ရပြီ။ ကျန်တဲ့သူတွေရဖို့ကို မိသားစုတွေက လာဆက်သွယ်ကြပါလိမ့်မယ်။ မိသားစုကလည်း တွေ့ခွင့်ရပြီး သူတို့ဆန္ဒရှိတယ်ဆိုရင်၊ အန်ကယ်တို့ ဆောင်ရွက်ပေးမှာပေါ့။"

ဦးခွန်ထွန်းဦး၊ ဗိုလ်ချုပ်ဆေထင်အပါအဝင် ရှမ်းခေါင်းဆောင် (၉) ဦးကို၊ အနည်းဆုံး ထောင် (၈၅) နှစ်မှ (၁၀၆) နှစ်အထိချမှတ်ခဲ့ပြီးနောက်၊ မြန်မာပြည် အရှေ့အနောက်တောင်မြောက် အစွန်အဖျားတွင်ရှိသည့်၊ ဝေးလံခေါင်ဖျားအကျဉ်းထောင်များသို့ပို့ခဲ့ပါသည်။ ကလေး၊ ပူတာအို၊ ခန္တီးနှင့် ကျောက်ဖြူထောင်များသို့ အပိုခံရသူများနှင့် တွေ့ခွင့်ရခဲ့ကြသော်လည်း၊ သံတွဲ၊ ဘူးသီးတောင်၊ ပခုက္ကူထောင်များသို့အပို့ခံထားရသည့် ဦးမြင့်သန်း၊ ဦးထွန်းညိုနှင့် စိုင်းညီမိုးတို့အား တွေ့ခွင့်ရမရ မသိရသေးပါ။ ထို့အပြင် ယင်းတို့ (၉) ဦးထဲမှ၊ စိုင်းမျိုးဝင်းထွန်းနှင့် စဝ်သာဦးတို့ကို မည်သည့်ထောင်သို့ ပြောင်းရွှေ့ထားကြောင်း၊ သတင်းအစအန မရသေးကြောင်း ဦးအောင်သိန်းက ပြောပြသွားပါသည်။

အစသို့

## ဦးသိန်းဇံနှင့် အခြား (၂) ဦး၏ အမှုကို တရားရုံးက ရုံးချိန်းရွှေ့

*၁၁၊ဒီဇင်ဘာ၊၂၀၀၅*

## စာမျက်နှာ ၁၇

**ILO** ထံ မမှန်သတင်းပေးသည်ဟုဆို၍ တရားစွဲခံထားရသော အောင်လံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇံနှင့်အခြား (၂) ဦး၏အမှုကို၊ မြို့နယ်တရားရုံးက၊ ယနေ့ ရုံးချိန်းရက်ရွှေ့လိုက်သည်ဟုသိရပါသည်။

“အဓမ္မလုပ်အားပေးခိုင်းစေမှုကိစ္စနဲ့ပတ်သက်ပြီး တရားစွဲတဲ့ကိစ္စကို၊ အခုတလခွာပြီးတော့ ပြန်ချိန်းလိုက်ပြန်ပြီ။ ဇန်နဝါရီလ (၂၀) ရက်ကိုပြန်ချိန်းတယ်။ တရားစွဲထားတာကတော့ အောင်လံမြို့နယ်၊ အမှတ် (၂) မဲဆန္ဒနယ်မြေပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇံနှင့် အောင်လံမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် လူငယ်က ကိုဇော်ဌေးရယ်၊ အောင်လံက အဲဒီနှစ်ယောက်ပါ။ နောက်တယောက်ကတော့ တောင်ကုတ်ကလို့ သူတို့ပြောတယ်။ ဦးအောင်သန်းထွန်းဆိုတာ။ အဲဒီ (၃) ယောက်ကို တရားစွဲထားတာ။ လုပ်အားပေးကိစ္စနဲ့ ပတ်သက်ပြီးတော့ သတင်းမှားပေးပြီးတော့ တိုင်ကြားတယ်ဆိုပြီးတော့ စွဲတာပေါ့။ ပုဒ်မ (၁၈၂) နဲ့လေ။ ဒီဇင်ဘာ (၂၀) ရက်ကို ချိန်းလိုက်တယ်။ အခုတခါ ဇန်နဝါရီ (၂၀) ရက်နေ့ကို ပြန်ချိန်းလိုက်တယ်။ ပြည်တွင်းမှာ **ILO** နဲ့ ပတ်သက်တဲ့ဟာတွေ ရပ်ဆိုင်းထားတယ်။ ဆိုင်းငံ့ထားတဲ့သဘော ရှိပုံပေါ်ပါတယ်။”

အောင်လံမြို့ခံ ဦးသိန်းဇံ၏ လုပ်ဖော်ကိုင်ဖက်တဦး ပြောပြသွားခြင်းဖြစ်ပါသည်။ ယမန်နှစ်က အောင်လံမြို့နယ် ပျောင်းရွာတွင်၊ အာဏာပိုင်များ၏ အဓမ္မခိုင်းစေမှုကြောင့် ကိုဝင်းလွင်ဆိုသူ မြေပိသေဆုံးခဲ့ရပါသည်။ ထိုကိစ္စကို **ILO** ထံတိုင်ကြားရန်၊ အဖွဲ့ချုပ်ကိုယ်စားလှယ် ဦးသိန်းဇံတို့ (၃) ဦးမှ ကူညီပေးခဲ့သည်ဆို၍၊ အာဏာပိုင်များဘက်က တရားစွဲဆိုထားခြင်းဖြစ်ပါသည်။ ယင်းသတင်းနှင့်တဆက်တည်းမှာဘဲ၊ **ILO** ထံ သတင်းပေးသည်၊ ပြည်ပအခြေစိုက် **FTUB** မြန်မာအလုပ်သမားအဖွဲ့ချုပ်နှင့် ဆက်သွယ်သည်ဆို၍ ထောင်နှစ်ရှည် ချမှတ်ခံထားရသော၊ ပဲခူးမြို့မှ ဦးဝင်းမြင့်နှင့် (၉) ဦးအား၊ မိသားစုက ပြီးခဲ့သည့်သောကြာနေ့တွင်၊ ပထမဦးဆုံးအကြိမ် ထောင်ဝင်စာတွေ့ခွင့်ရခဲ့ကြောင်းသိရပါသည်။ သူတို့အတွက် အယူခံဆက်တက်ရန် ပြင်ဆင်နေသည့်အကြောင်း၊ ဦးဝင်းမြင့်၏သားဖြစ်သူမှ ယခုကဲ့သို့ ပြောပြပါသည်။

“ပြီးခဲ့သောကြာနေ့ကသွားတယ်။ ကျန်းမာရေးကတော့ အကုန်ကောင်းပါတယ်။ စိတ်ပိုင်းခံစားမှုကတော့ သူကတော့ ဒီအတိုင်းပေါ့။ တင်းတင်းရင်းရင်းပါပဲ စိတ်ဓါတ်ကတော့။ အယူခံကိစ္စက အခုအမှုတွဲကူးဖို့ အရင်ကြိုးစား ရမှာပေါ့။ ရှေ့နေတွေဘာတွေ ငှားပြီးတော့ နောက်အပတ်ထဲမှာတော့ အယူခံတင်ဖို့စီစဉ်မှာပဲ။”

ဦးဝင်းမြင့်၏သားဖြစ်သူ ဇင်ဘိုဝင်း ပြောပြသွားခြင်းဖြစ်ပါသည်။ ဦးဝင်းမြင့်နှင့်အတူ၊ ရန်ကုန် မြောက်ဥက္ကလာပမှ ဦးသိန်းလွင်ဦးအပါအဝင်၊ စုစုပေါင်း (၉) ဦးကို အနည်းဆုံး (၈) နှစ်မှ (၂၅) နှစ်အထိ အသီးသီး ချမှတ်ထားခြင်း ဖြစ်ပါသည်။ အလားတူ မြောက်ဥက္ကလာပမှ ဦးသိန်းလွင်ဦးနှင့် ထောင်တွင်းသေဆုံးခဲ့ရသည့် သားဖြစ်သူ ကိုအောင်မြင့်သိန်းတို့၏ အခြေအနေကိုလည်း မိတ်ဆွေတဦးက ယခုလိုပြောပြပါသည်။

“ရသွားပြီ ပြီးခဲတဲ့အပတ်က ထောင်ဝင်စာတွေ့ခွင့်ရသွားတယ်။ ဦးသိန်းလွင်ဦး မိန်းမရယ်၊ သူ့သားရယ် သွားတွေ့တယ်။ ကျန်းမာရေးကောင်းပါတယ်။ ဦးသိန်းလွင်ဦးက (၁၇–၁) (၁၃–၁) (၈) နှစ်ကျတယ်။ ကိုအောင်မြင့်သိန်း ကိစ္စကို ဦးသိန်းလွင်ဦးက သူ့မိသားစုနဲ့တွေ့တဲ့အခါပြောတာက၊ ဆုံးသွားတာကတော့ ဝမ်းရောဂါနဲ့လို့ပြောတယ်။ တကယ်ကြတော့ ဝမ်းရောဂါနဲ့ ပတ်သက်တဲ့ဆေး တလုံးမှမသောက်ရဘူးတဲ့။ “

**ILO** ထံသတင်းပေးမှု ၊ **FTUB** မြန်မာအလုပ်သမားအဖွဲ့ချုပ်နှင့်ဆက်သွယ်မှုများဖြင့် ဖမ်းဆီးခံထားရသူများအကြောင်း စုစည်းတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

အစသို့

## ဦးအေးမြင့် လွတ်မြောက်ရေးအတွက် အယူခံတင်သွင်းတော့မည်

*၂၀ဒီဇင်ဘာ၊၂၀၀၅*

**ILO** ထံမမှန်သတင်းပေးသည်ဆို၍ နှစ်ရှည်ထောင်ချခံထားရသည့်၊ ဦးအေးမြင့်လွတ်မြောက်ရေးအတွက် ရှေ့လ (၂) ရက်နေ့တွင်၊ ခရိုင်တရားရုံးသို့ အယူခံတင်သွင်းမည်ဖြစ်ကြောင်းသိရပါသည်။ ယင်းသို့တင်သွင်းနိုင်ရန်အတွက် ဦးအေးမြင့်တွင် အပြစ်မရှိကြောင်း၊ ထည့်သွင်းဖော်ပြထားသော လွန်ခဲ့သည့်လက ထုတ်ပြန်လိုက်သည့်၊ **ILO** အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အပါအဝင်၊ လိုအပ်သည့်အထောက်အထားများ ရရှိထားပြီးပြီဟု သိရပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဦးအေးမြင့်၏ရှေ့နေ ဦးစန်းမောင်က ယခုလို ပြောပြပါသည်။

“ဦးအေးမြင့်အမှုက ဒီလကုန်နောက်ဆုံးပေါ့လေ။ အယူခံရက်က ရက်ပေါင်း (၆၀) ကိုး။ ဆိုတော့ ဒီမှာတော့ အကုန်လုံးက အဆင်သင့်ဖြစ်ပြီ။ ဇန်နဝါရီ ဒုတိယပတ်ကိုတင်မယ်။ အခုဟာက **ILO** ရဲ့ **Mass Meeting** က မတ်မှ ရှိတယ်လေ။

နှစ်လစီ နှစ်လစီ ချိန်သွားတော့ မစ္စတာဟိုဆေးလ်နဲ့လည်း အဆက်အသွယ်ရတယ်လေ။ မတ်လမတိုင်ခင် ဒီမှာဆွေးနွေးမယ် ပြောတာပဲ။ သူကပြောတာကတော့ **Press Release** နဲ့တွေ့တယ်လေ။ **Conclusion** ပေါ့။ (၂၉၄) **Section** က ဦးအေးမြင့်နဲ့ ပတ်သက်လို့ **ILO** က ဒါကို သိပ်ပြီးတော့ စိုးရိမ်ပူပန်တယ်ပေ့ါ။ အစိုးရနဲ့ဒီကိစ္စကို မတ်လ မတိုင်ခင်မှာ အစည်းဝေးလုပ်ပြီး ဒီကိစ္စကို လုပ်မယ်ပြောတာပေ့ါ။ နံပါတ် (၁) ကတော့ ဦးအေးမြင့်လွှတ်ဖို့ပြောမယ်ပေ့ါ။ ဒီဘက်က လုပ်စရာရှိတာတော့ အနိကယ့် ကို လုပ်ပါလို့ သူတို့ပြောတယ်။”

ထို့အပြင် ဦးအေးမြင့် ပထမတကြိမ်ဖမ်းဆီးခံရချိန်က ရှေ့နေကြီးနိုင်ငွေရ လိုက်ပါဆောင်ရွက်ပေးခဲ့သည့် အမှုနှင့် ပတ်သက်ပြီး၊ ဗဟိုတရားရုံးက ကွင်းလုံးကျွတ်လွှတ်လိုက်သည့်၊ စီရင်ချက်အထောက်အထားများကိုလည်း၊ သက်သေ အဖြစ် တင်ပြနိုင်ရန် ရှာဖွေကူးယူထားသည်ဟု ဆိုပါသည်။ ထိုစီရင်ချက်၌ **ILO** သည် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်း တခုဖြစ်သည့်အတွက်၊ **ILO** နှင့်ဆက်သွယ်ခြင်းသည် အပြစ်မရှိကြောင်း ဗဟိုတရားရုံးချုပ်က ဆုံးဖြတ်ပေးထားကြောင်းကို၊ ဦးစန်းမောင်က ယခုလို ဆက်လက်ရှင်းပြပါသည်။

“(၂၀၀၃) ခုနှစ်က ဦးအေးမြင့်ကို ချထားတဲ့အမှုနဲ့ပတ်သက်တဲ့ စီရင်ချက်တွေရလာပြီ။ စီရင်ချက် စာမျက်နှာ (၁၄) မှာ ခုနကဖတ်လာခဲ့တယ်။ **ILO** ဟာ ကုလသမဂ္ဂအဖွဲ့ရဲ့ လက်အောက်ခံအဖွဲ့အစည်းဖြစ်တယ်။ ဗမာနိုင်ငံဟာ ကုလ သမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက်၊ ဗမာနိုင်ငံသားတယောက်အနေနဲ့ **ILO** အဖွဲ့အစည်းနဲ့တိုင်ပင်နိုင်တယ်၊ ဆွေးနွေးနိုင်တယ်ပေ့ါ။ အဲဒါကို အပြစ်ရှိတယ်လို့ တရားဥပဒေကမယူဆဘူးလို့ အမိန့်ချထားပေးတယ်။ တရားရုံးချုပ်က ချတဲ့အမိန့်ဆိုလို့ရှိရင်၊ အောက်ရုံးတွေကလိုက်နာရတယ်။ စီရင်ထုံးဥပဒေလို့ခေါ်တာပေ့ါနော်။ ဦးအေးမြင့်ကိစ္စက ဖမ်းဖို့လည်း အကြောင်းမရှိဘူး။ ရုံးတင်ဖို့လည်း အကြောင်းမရှိဘူး။ ထောင်ချဖို့လည်း အကြောင်းမရှိဘူး။ မရှိဘဲနဲ့ အခုက သက်သက်လုပ်တာဖြစ်နေတယ်။ **Against and Law** သူက ဥပဒေဘောင်တွင်းမှာ နေထိုင်လျက်သားနဲ့ ဘေးမကင်းဘူးဖြစ်နေတယ်။ သူတို့က ဥပဒေ အတွင်းနေထိုင်ရင် ဘေးကင်းတယ်ပေ့ါ။ အခုက ဘေးမကင်းဘူး။ ပြဿနာက အခုက အဲဒီလိုဖြစ်နေတယ်။”

အစသို့

## ပဲခူးထောင်၌ နိုင်ငံရေးအကျဉ်းသား ကိုအောင်ဇော်လတ် ကွယ်လွန်

*၂၀ဒီဇင်ဘာ၊ ၂၀၀၅*

ပဲခူးထောင်တွင် နှစ်ရှည်ထောင်ချခံထားသည့် နိုင်ငံရေးအကျဉ်းသား ကိုအောင်ဇော်လတ်သည် လွန်ခဲ့သည့် ကြာသပတေးနေ့၊ မနက် (၄) နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသည်။ အသက် (၃၀) နှစ်ရှိ ကိုအောင်ဇော်လတ် သည် (၁၉၉၉) ခုနှစ်၊ စက်တင်ဘာလ (၉) လေးလုံးလှုပ်ရှားမှုနှင့် ဖမ်းဆီးခံရပြီး၊ ပုဒ်မ (၅–ည ၁၇–၁) တို့ဖြင့်၊ ထောင် (၈) နှစ်ချမှတ် ခံထားရသူဖြစ်ပါတယ်။ ထောင်တွင်းဆေးဝါးကုသမှု မလုံလောက်ခြင်းကြောင့် တီဘီရောဂါ အပြင်းအထန် ခံစားရပြီး၊ လွန်ခဲ့သည့် ကြာသပတေးနေ့တွင် ကွယ်လွန်သွားခြင်းဖြစ်ပါသည်။ ဈာပနကို ပဲခူးမြို့ရှိ နိုင်ငံရေးအသိုင်း အဝိုင်းမှပုဂ္ဂိုလ်များနှင့် ထောင် အာဏာပိုင်များကပဲ၊ လွန်ခဲ့သည့် သောကြာနေ့က အကျဉ်းရုံး ပြုလုပ်လိုက်ကြောင်း သိရပါသည်။

အစသို့

## ဒေါက်တာဇော်မြင့်မောင်အတွက် နိုင်ငံတကာထံအကူအညီတောင်းရန် အကြံပြု

*၂၀ဒီဇင်ဘာ၊ ၂၀၀၅*

မြစ်ကြီးနားထောင်၌ (၁၅) နှစ်ကျော်ဖမ်းဆီးထောင်ကျခံနေရဆဲဖြစ်သည့်၊ ဒေါက်တာဇော်မြင့်မောင်၏ ကျန်းမာရေးအခြေအနေလုံခြုံစိတ်ချရစေရန်နှင့် အမြန်ဆုံးပြန်လည်လွှတ်မြောက်စေရန် နိုင်ငံတကာလွှတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၊ နိုင်ငံတကာကျန်းမာရေးကူညီစောင့်ရှောက်မှုအဖွဲ့များက၊ ထိထိရောက်ရောက် တောင်းဆိုဆောင်ရွက်ပေးသင့်ကြောင်း၊ ရန်ကုန်မြို့မှ အမည်မဖော်လိုသူ နာမည်ကြီးအထူးကု ဆရာဝန်ကြီးတဦးက အကြံပြုပြောဆိုလိုက်ပါသည်။

ဒေါက်တာဇော်မြင့်မောင်အား ယခုကဲ့သို့ နှစ်ရှည်ဖမ်းဆီးထောင်ချထားခြင်းသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တဦး၏ နိုင်ငံတာဝန်ထမ်းရွက်ပေးနိုင်ခွင့်ကိုဆုံးရှုံးစေသကဲ့သို့၊ ဆရာဝန်တဦးအနေနှင့် လူထုကျန်းမာရေး စောင့်ရှောက် ပေးနိုင်မှုများကိုလည်းဆုံးရှုံးစေသည်ဖြစ်၍၊ တိုင်းပြည်အကျိုးအတွက် လုံးဝလက်ခံနိုင်စရာ မရှိကြောင်း အဆိုပါ ဆရာဝန်ကြီးကဆိုပါသည်။ ဒေါက်တာဇော်မြင့်မောင်အား (၁၉၉၀) ခုနှစ်တွင် စစ်အစိုးရက စင်ပြိုင်အစိုးရ ဖွဲ့စည်းမှုဖြင့်၊ ထောင် (၂၅) နှစ် ချမှတ်ခဲ့ပါသည်။ (၁၉၉၆) ခုနှစ်တွင် အကျဉ်းထောင်တွင်း တရားမဝင်အဖွဲ့အစည်း

ဖွဲ့စည်းတည်ထောင်ရန်ကြိုးစားသည်ဆိုသည့်စွဲချက်ဖြင့်၊ နအဖက နောက်အမှုတပ်ပြီး ထောင်ဒဏ် (၁၂) နှစ် ထပ်တိုးခဲ့ပါသည်။ မြစ်ကြီးနားထောင်၌ အကျဉ်းကျခံနေရဆဲဖြစ်သော ဒေါက်တာဇော်မြင့်မောင်၏ လတ်တလော ကျန်းမာရေးအခြေအနေအား၊ ဇနီးဖြစ်သူ ဒေါက်တာယုယုမေထံ ဆက်သွယ်မေးမြန်းကြည့်သည့်အခါ – –

"သူက အစားအစာ ကောင်းကောင်းမရှိလို့လားတော့ မပြောတတ်ဘူး။ သူက အရင်တုန်းကရှိခဲ့တဲ့ သွေးတိုးက မတက်လာတော့ဘဲနဲ့ သွေးကျကျနေပြီးတော့၊ မူးမူးနေတယ်လို့ ပြောတယ်။ အဲဒါနဲ့ အားဆေးပြန်ပြီးပေးရတယ်ပေါ့။ အခု လောလောဆယ်တော့ သွေးတော့မချိတ်ဖြစ်သေးဘူး။ ဒါပေမယ့် သူ့အဖေနဲ့ နောက်ဆုံး နိုဝင်ဘာမှာ တွေ့ခဲ့ရ တာကတော့ သူ့ကြည့်ရတာတဲ့ စိတ်ရောလူရော ကျန်းမာနေတဲ့ပုံပါပဲတဲ့။ ကျမကို အဲလို ပြန်ပြောပြပါတယ်။"

စင်ပြိုင်အစိုးရဖွဲ့စည်းမှုဖြင့် အကျဉ်းကျခံရသူအားလုံးပြန်လွတ်လာရုံသာမက၊ (၁၉၉၆) ခုနှစ်မှာ နောက်အမှုတပ် ပြစ်ဒဏ်အတိုးခံခဲ့ရသူ အတော်များများ ပြန်လွတ်လာခဲ့ကြသော်လည်း သူမ၏ခင်ပွန်း ပါမလာသည့်အပေါ် ဒေါ်ယုယုမေက – –

"ကိုယ့်စိတ်ထဲကတော့ လွတ်စေချင်တာပေါ့နော်။ သူများလွတ်တယ်ဆိုရင်၊ သူ့ကိုလည်း လွတ်စေချင်တာ ပေါ့နော်။ ဒါပေမယ့်လွတ်ပြီဆိုလို့ရှိရင် သူ့ကို သွားမေးတယ်ပေါ့။ ဘယ်အတွက်ကြောင့်မို့လို့၊ ဘာတွေမေးလို့ ဘာတွေဖြေဆိုရလို့လဲပေါ့။ ဘယ်လိုပြောပြီး လွတ်တာလဲဆိုတော့။ အဲလိုမဟုတ်ဘူးပေါ့၊ သူ့ကို တခါတလေကျလို့ရှိရင် မမေးဘူးပေါ့။ ဟိုအရင်တုန်းကတော့ ရန်ကုန်မှာ ရှိစဉ်ကာလတုန်းကတော့၊ သူက နောက်ထပ်နိုင်ငံရေး မလုပ်ပါဘူးဆိုတဲ့ ဝန်ခံချက်ထိုးခိုင်းတယ်။ အဲဒီတုန်းကတော့ သူမထိုးဘူးလို့ငြင်းခဲ့တယ်ပေါ့နော်။ အဲဒီနောက်ပိုင်း သူ့ကို စစ်ခြင်းမေးမြန်းခြင်း မပြုတော့ဘူးပေါ့။ နောက်ဆုံးကတော့ဒီ မြစ်ကြီးနားမှာ ရောက်ခဲ့တုန်းကတော့ (၄၀၁) ဆိုတဲ့ဟာကို ထိုးခိုင်းတယ်။ အဲ အဲဒါတခုပဲ ရှိပါတယ်။ နောက်ပိုင်းတော့ သူ့ကို မေးမြန်းတာ မရှိတော့ဘူးလို့ ပြောတယ်ရှင့်။"

စစ်အစိုးရက ခင်ပွန်းဖြစ်သူကို ယခုချိန်အထိထိန်းသိမ်းထားခြင်းကို ဒေါ်ယုယုမေက ယခုလိုပြောဆို သွားပါသည်။

"ကိုယ်က သိတော့သိတယ်၊ ရိပ်ဖမ်းသံဖမ်းတော့ သိတာပေါ့နော်။ အမှန်က ထောင်ကသူထွက်လာရင် အန္တရာယ်တခုလို့ ယူဆပြီးတော့၊ သူ့ကို ထိန်းနိုင်သလောက်ထိန်းထားမယ်ဆိုတဲ့ သဘောပဲဖြစ်မှာပေါ့။ မတတ်နိုင်တဲ့ အဆုံးမှပဲ လွှတ်မယ်လို့ပဲ ထင်ပါတယ်။"

အစသို့

## ကိုအောင်ဇော်လတ် သေဆုံးခြင်း နောက်ဆက်တွဲ

*၂၁ဒီဇင်ဘာ၊ ၂၀၀၅*

ပဲခူးထောင်တွင် နှစ်ရှည်ထောင်ချခံထားရသော နိုင်ငံရေးအကျဉ်းသား ကိုအောင်ဇော်လတ်သည်၊ ပြီးခဲ့တဲ့ ကြာသပတေးနေ့ မနက် (၄) နာရီ၌ ကွယ်လွန်သွားကြောင်းသိရပါသည်။ အသက် (၃၀) အရွယ်ရှိ ကိုအောင်ဇော်လတ်သည် (၁၉၉၉) ခုနှစ် စက်တင်ဘာလမှာ (၉) လေးလုံးလှုပ်ရှားမှုနှင့် ဖမ်းဆီးခံရပြီး၊ ပုဒ်မ (၅ည) (၁၇–၁) တို့ဖြင့် ထောင် (၈) နှစ် ချမှတ်ခံထား ရသူဖြစ်ပါသည်။ ထောင်တွင်းဆေးဝါးကုသမှု မလုံလောက်ခြင်းကြောင့်၊ တီဘီရောဂါ အပြင်းအထန်ခံစားရပြီး ကွယ်လွန်သွားခြင်းဖြစ်ကြောင်း၊ လုပ်ဖော်ကိုင်ဖက်နိုင်ငံရေးအကျဉ်းသား ဟောင်းတဦးက အောက်ပါအတိုင်း ပြောပြပါသည်။

"ကိုအောင်ဇော်လတ်ဆိုတာက (၉) လေးလုံး အမှုတွဲပေါ့နော်။ (၉) လေးလုံး ဟိုး ပဲခူးအုပ်စုပေါ့။ ကိုသိန်းဝင်းတို့၊ ကိုကျော်ဝဏ္ဏတို့ အဲဒီပဲခူးအုပ်စုကနေပြီးတော့ အဲဒီအမှုမျိုးနဲ့ကျတာ။ ကိုအောင်ဇော်လတ်ဆိုတာ သူက (၅ည) ရယ်၊ ပုဒ်မ (၁၃–၁) ရယ် စုပေါင်း (၈) နှစ် ကျတယ်။ အသက်က (၃၀)၊ ပြီးခဲ့တဲ့ ကြာသပတေးနေ့ မနက် (၄) နာရီမှာ သူဆုံးသွားတယ်။ ဆုံးပြီးတော့ သောကြာနေ့မှာ အသုဘချကြတယ်။ အဲဒီမှာ စုံစုံလင်လင် ပဲခူးမြို့က လိုက်ပြီးတော့ ပို့ကြတယ်ပေါ့ဗျာ ရဲဘော်တွေ ကနေပြီးတော့။ ပဲခူးက ပြောတာကတော့ တီဘီရောဂါလို့ပြောတာ၊ အပြင်ဆေးရုံမှာဆုံးတာ။ ထောင်ထဲမှာ အဲဒါတွေက ပြဿနာဗျ။ အဲဒါတွေကလေ ဆေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုလဲဆိုတော့ ပုံစံတွေက အမျိုးမျိုးပြောင်းတယ်။ အခုဆိုရင် ကျနော်တို့ နို့မှုန့်တို့၊ ကော်ဖီမစ်တို့၊ သကြားတို့တောင်မှ ဆေးစာနဲ့ သွင်းနေရတယ်။ ကိုယ့်ဟာကိုယ်စားဖို့ကိစ္စတောင်မှ ကိုယ့်ဟာနဲ့ကိုယ် ဆေးစာနဲ့သွင်းနေရတယ်။" နိုင်ငံရေးအကျဉ်းသားများအနေဖြင့် ထောင်တွင်းလူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် မသေသင့်ဘဲ သေဆုံးရခြင်းများ ရှိနေပါသည်ဟု အထက်ပါနိုင်ငံရေးအကျဉ်းသားဟောင်းက ဆက်လက်ပြောပြပါသည်။ "ဘယ်လိုလဲဆိုတော့လေ ကျနော်တို့ အခုခံစားရတာပေါ့ဗျာနော်။ ထောင်ထဲမှာရောက်နေတဲ့ နိုင်ငံရေးအကျဉ်း သားတွေဟာ အများစုပေါ့နော်၊ မိသားစုတွေဟာ တချို့ကလဲ ထောင် (၂) ခါကျ၊ (၃) ခါကျတွေ ဖြစ်နေတဲ့အခါကျတော့ မိသားစုတွေက ပထမဦးဆုံးတခေါက် ထောင် (၈၉) (၉၀) ထောင်ကျတုန်းကလိုတော့

ထောင်ဝင်စာကိုအထုပ်ကြီးကို အကြီးကြီးဆွဲပြီး သွားမတွေ့နိုင်ဘူး။ အဲဒါကလည်း မိသားစုတွေရဲ့ အပြင်မှာနေတဲ့ စီးပွားရေးအခြေအနေကလည်း ကျလာတာကိုး။ ထောင်ကပေးတဲ့ဥစ္စာက ဘာမှထိထိ ရောက်ရောက် မဟုတ်ဘူးပေါ့ဗျာ။ ရဲဘော်တွေမှာ အာဟာရချို့တဲ့ တာပေါ့ဗျာအထဲထဲမှာ။ ကျနော်တို့ဆေးကုတဲ့အခါကျရင် သူတို့ကနေပြီးတော့ အကျဉ်းထောင်လက်စွဲဥပဒေကို ကိုင်ကိုင်ပြီးတော့ နှိပ်ကွပ်တယ်။ အကျဉ်းထောင်လက်စွဲဥပဒေရဲ့ စာအုပ်ရဲ့မျက်နှာဖုံးမှာ ဘာရေးထားလဲဆိုတော့ အကျဉ်းသားရပိုင်ခွင့်နဲ့ အပြစ်ဒဏ်များလို့ ရေးထားတယ်။ ရပိုင်ခွင့်က ရှေ့ကဖြစ်တယ်၊ အပြစ်ဒဏ်များက နောက်က ဖြစ်တယ်။ ကျနော်တို့ ရသင့်တဲ့အခွင့်အရေးကျတော့ ဘာမှမပေးဘူး။ အရေးကြီးဆုံး ရပိုင်ခွင့်ကလျော့ရက်ပဲ။ ကျနော်တို့ (၅ည) တွေဆိုရင် ဘာလျှော့ရက်မှမရဘူး။ (၁၀) နှစ်ကျရင် (၁၀) နှစ် အပြည့်နေရတယ်။ မိသားစုတွေအတွက်ကော၊ အကျဉ်းသားတွေအတွက်ကော မသေသင့်ဘဲသေသွားရတယ်ပေါ့ဗျာ။ တချို့ဆို ကျနော်တို့ ထောင်မှာ အတူတူ နေခဲ့ကြတဲ့ ဦးစိန်တင်ဆိုရင် (၁၀) နှစ် ကျတယ်ပေါ့နော်။ သူ လျှော့ရက်ရမယ်ဆိုရင် (၇) နှစ်ခွဲနဲ့ သူ လျှော့ရက်နဲ့ လွတ်မယ်။ သို့သော် သူ (၁၀) နှစ်ပြည့်ခါနီး တလအလိုမှာ ထောင်ထဲမှာနေရင်း ဆုံးသွားတယ်။ တကယ်လို့သာ လျှော့ရက်တွေ ရမယ်ဆိုရင် ကျနော်တို့ ရဲဘော်တွေ ထောင်ထဲမှာတင်ကျဆုံးစရာ ဘာမှအကြောင်း မရှိဘူးပေါ့။”

ပြီးခဲ့သည့် ကြာသပတေးနေ့တွင် သေဆုံးသွားသည့် ကိုအောင်ဇော်လတ်၏ ဈာပနကို ပဲခူးမြို့ရှိ နိုင်ငံရေးအသိုင်း အဝိုင်းနှင့် ထောင်အာဏာပိုင်များက သောကြာနေ့မှာပဲ အကျဉ်းရုံး ပြုလုပ်ခဲ့ကြောင်းသိရပါသည်။

အစသို့

## ဒေါ်အောင်ဆန်းစုကြည်အား ချက်ချင်းပြန်လွှတ်ပေးရန် အဖွဲ့ချုပ်မှတရားဝင်တောင်းဆို

*၂၂ဒီဇင်ဘာ၊၂၀၀၅*

ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်ဖမ်းဆီးထားခြင်းသည်၊ တည်ဆဲဥပဒေနှင့် လုံးဝမညီညွတ်သည့်အတွက် ချက်ချင်းပြန်လွှတ်ပေးရန်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကအယူခံတင်ပြီး တရားဝင်တောင်းဆိုလိုက်ပါသည်။ နိုဗယ်လ် ငြိမ်းချမ်းရေးဆုရှင်တဦးကို၊ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ (၁၀–ခ) ဖြင့် ဆက်လက်ဖမ်းဆီးထားခြင်းသည်၊ အကြောင်းပြချက်အရရော ဥပဒေအရပါ လုံးဝညီညွတ်မှုမရှိကြောင်း အဖွဲ့ချုပ် ကဆိုပါသည်။ ထို့ကြောင့် ချက်ချင်းပြန်လွှတ်ပေးရန် အဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်တိုင်လက်မှတ်ထိုးပြီး နိုင်ငံတော် အစိုးရထံ ယမန်နေ့ နေ့စွဲနှင့် တရားဝင်အယူခံတင်ခဲ့သည်ဟုသိရပါသည်။ ယင်းကိစ္စကို အများပြည်သူသိစေရန်အတွက် ယနေ့ ကြေညာ ချက်ထုတ်ပြန်လိုက်ခြင်းဖြစ်ပါသည်။

“အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ (၁၀–ခ) ဖြင့် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကန့်သတ်တားဆီးအမိန့်ကို (၂၀၀၅) ခုနှစ် နိုဝင်ဘာလ (၂၇) ရက်နေ့တွင် ဒုတိယအကြိမ် နောက်ထပ် (၆) လတိုးချဲ့သည်ဟုသိရသည်။ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးသူမဟုတ်ပါ။ နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်တဦးလည်းဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ယခင်နိုင်ငံခြားရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအရ ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း လူသိရှင်ကြား ပြောဆိုခဲ့ဖူးပါသည်။ ထိုကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေဖြင့် အရေးယူကန့်သတ်တားဆီးခြင်းမှာ ဥပဒေအရရင်း၊ အကြောင်းအခြင်းအရာအရရင်း မှားယွင်းလျက်ရှိပေသည်။ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ (၁၉) တွင်၊ ဗဟိုအဖွဲ့၏အမိန့်ကို အယူခံဝင်ခွင့်ရှိကြောင်းနှင့် ပုဒ်မ (၂၀) တွင် အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်ကြောင်း ပြဋ္ဌာန်း ထားပါသည်။ သို့ပါ၍ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေအရ ကန့်သတ်တားဆီးထားခြင်းကို ပယ်ဖျက်ပေးပါရန်၊ ယင်းဥပဒေ ပုဒ်မ (၁၉) နှင့် (၂၀) တို့နှင့်အညီ အစိုးရအဖွဲ့သို့ (၂၁–၁၂–၂၀၀၅) ရက်နေ့တွင် စာပို့တိုက်မှ မှတ်ပုံတင်စာဖြင့် အယူခံအမှုကို တင်သွင်းထားကြောင်း ကြေညာလိုက်သည်။”

ယနေ့ထုတ်ပြန်လိုက်သည့် အဖွဲ့ချုပ်ကြေညာချက်ကို ဦးဉာဏ်ဝင်းမှ ဖတ်ကြားပြသွားခြင်းဖြစ်ပါသည်။ အယူခံကိစ္စနှင့် ပတ်သက်၍ အသေးစိတ်ထပ်မေးသည့်အခါ – – –

“ကျနော်တို့ အယူခံတင်တာက မနေ့က (၂၁–၁၂–၂၀၀၅) အဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ထိုးပြီးတော့ တင်တယ်။ ဒါပေမဲ့လို့ ဒီအယူခံတင်ဖို့ရာလိုအပ်တဲ့၊ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ကန့်သတ်တားဆီးမိန့်ကို ရရှိဖို့ဆိုပြီးတော့၊

အဖွဲ့ချုပ်ဥက္ကဌက လွှဲအပ်တဲ့ကိုယ်စားလှယ်နှစ်ယောက် ပြည်ထဲရေးဝန်ကြီးရုံးကို (၁-၁၂-၂၀၀၅) ခုနေ့က သွားပြီးတော့တင်တယ်။ မိတ္တူမှန်ပေါ့နော်။ တားဆီးတဲ့အမိန့် မိတ္တူမှန်ရရှိရေးအတွက် အဲဒီကနေပြီးတော့ လုံခြုံရေးဂိတ်ရောက်တော့၊ သူတို့က ဒါကို စာပို့တိုက်နဲ့ပဲ ပို့ပါဆိုပြီးတော့ ညွှန်ကြားတယ်။ ညွှန်ကြားတော့ နောက်တရက် (၂-၁၂-၂၀၀၅) မှာ ညွှန်ကြားချက်အတိုင်း စာပို့တိုက်ကပို့လိုက်တယ်။ ဒါပေမဲ့လို့ အဲဒီအမိန့် မိတ္တူမှန်မရဘူး။ (၁၃-၁၂-၂၀၀၅) နေ့မှာ သွားရောက်စုံစမ်းသေးတယ်။ သူတို့ဘာမှမပြောဘူး။ ပြောစရာမရှိဘူးဆိုတော့ အန်ကယ်လ်တို့က (၂၁-၁၂-၂၀၀၅) ကြတော့၊ ဒေါ်အောင်ဆန်းစုကြည်အတွက် ကန့်သတ်တားဆီးမိန့်ကို ပယ်ဖျက်ပေးဖို့ အယူခံလွှာတင်သွင်းခဲ့တယ်။ အဲဒါကို ဒီကနေ့ ကြေညာချက်ထုတ်တာပါ။”

ဒီဗွီဘီ ။ ။ ဘယ်တရားရုံးကိုတင်တာပါလဲ။

“သူက ဥပဒေအရအစိုးရအဖွဲ့အစည်းကိုအယူခံရတာ။ အဲဒီတော့ အစိုးရအဖွဲ့ကိုလိပ်မူပြီးတော့ အယူခံလွှာ တင်သွင်းတာ။ ဥပဒေအရ အစိုးရအဖွဲ့ကိုအယူခံလွှာတင်သွင်းနိုင်တယ်။ အယူခံလွှာတင်သွင်းခွင့်ရှိတယ်လို့ ဥပဒေက ပြဋ္ဌာန်းထားတဲ့အတွက် အစိုးရအဖွဲ့လို့ပဲ လိပ်မူပါတယ်။”

ဒီဗွီဘီ ။ ။ ပြီးခဲ့တဲ့လ ဒေါ်စုကိုသက်တမ်းထပ်တိုးတုန်းက (၁) နှစ်ဖြစ်နိုင်တယ်လို့ အဖွဲ့ချုပ်က ကြေညာချက် ထုတ်ခဲ့ပါတယ်။ ဒီနေ့ကြေညာချက်မှာကျတော့ (၆)လလို့ ညွှန်းထားတော့ (၆) လထပ်တိုးကြောင်း အာဏာပိုင်တွေဆီက တရားဝင်အကြောင်းကြားလို့လား။

“မကြားပါဘူး။ သတင်းကြားပေါ်မှာပဲ ဒီဟာကိုရေးတယ်။ မိတ္တူမှန်လည်းမရတော့ အတိအကျမသိရပါဘူး။”

ဒီဗွီဘီ ။ ။ (၂၀၀၃) ခုနှစ် ဒေါ်အောင်ဆန်းစုကြည်ကို စဖမ်းတုန်းကလည်း၊ အဖွဲ့ချုပ်က အယူခံတင်ဖို့ ကြိုးစားခဲ့တယ်လို့သိရပါတယ်။ ဒါပေမဲ့ အာဏာပိုင်တွေဘက်ကလက်မခံခဲ့ဘူးပေါ့နော်။ အခုရော ထူးခြားမယ်လို့ မျှော်လင့်လား။

“ဒီဥစ္စာကတော့ ဥပဒေအရ ပေးထားတဲ့အခွင့်အရေးပဲ။ ဥပဒေမှာ ပေးထားတဲ့အခွင့်အရေးဖြစ်တဲ့အတွက် ဥပဒေထဲမှာ တခါထဲပါတဲ့အတွက်၊ ဒီဟာနဲ့ ပတ်သက်ပြီးတော့ မျှော်လင့်ပါတယ်။ အဲဒီလိုသာမရခဲ့လို့ရင် ဥပဒေကို သူတို့ ဘက်က လေးစားလိုက်နာမှု မရှိဘူးလို့ ဒီလိုပဲ မှတ်ယူရမှာပေါ့။”

အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်တဦးဖြစ်သည့် ဦးဉာဏ်ဝင်း၏ ရှင်းလင်းပြောဆိုမှုဖြစ်ပါသည်။

အစသို့

## ပဲခူးအဖွဲ့ချုပ်ဝင်များမှမစုစုနွေးကို ကျပ် (၃) သောင်းကျော် ပေးအပ်လှူဒါန်း

*၂၂ဒီဇင်ဘာ၊ ၂၀၀၅*

အာဏာပိုင်များ၏အဓမ္မ အလုပ်ခိုင်းစေမှုကို ရဲရဲဝံ့ဝံ့တုံ့ပြန်တရားစွဲခဲ့သည့်အတွက် ထောင်တနှစ်ခွဲ ချမှတ်ခံထားရ သောမစုစုနွေးအတွက်၊ ပဲခူးမြို့နယ်အဖွဲ့ချုပ်ဝင်များမှ အလှူငွေကျပ် (၃) သောင်းကျော် လှူဒါန်းလိုက် ကြောင်းသိရပါသည်။ ထိုငွေကို လူထုထံမှ ကောက်ခံခြင်းမဟုတ်ဘဲ မြို့နယ်အဖွဲ့ချုပ်ဝင်များမှ စုပေါင်းလှူဒါန်း ခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။ မတရားမှုကို ပြန်လည်ရင်ဆိုင်ရဲသည့် မစုစုနွေး၏ သတ္တိကိုလေးစားဂုဏ်ယူမိခြင်းကြောင့် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ပဲခူးမြို့နယ် အဖွဲ့ချုပ်ဝင်တဦးက ပြောပြပါသည်။ ထိုအလှူငွေကို ပြီးခဲ့သည့်လ (၃၁) ရက်နေ့က အဖွဲ့ချုပ်ဗဟိုလူမှု အထောက်အကူပြုအဖွဲ့ထံ ပေးအပ်ခဲ့သည်ဟု သိရပါသည်။

အစသို့

## မစုစုနွေး ထောင်တွင်း၌ ကျန်းမာရေး ဆိုးရွားနေ

*၂၄ဒီဇင်ဘာ၊ ၂၀၀၅*

အာဏာပိုင်များ၏ အမှုဆင်ဖမ်းဆီးထောင်ချခံထားရသူ၊ ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ထမ်းမနိုင်ကျေးရွာမှ မစုစုနွေး၏ ထောင်တွင်းကျန်းမာရေး ပိုဆိုးဝါးလာနေသည်ဟု မိသားစုဝင်များနှင့်နီးစပ်သူများက ပြောပါသည်။ မစုစုနွေးကိုမိသားစုဝင်များမှ ယနေ့ ထောင်ဝင်စာသွားတွေ့ခဲ့ကြောင်းသိရပါသည်။ ယင်းသို့ သွားတွေ့ရတွင် မစုစုနွေး ရောဂါနှင့်တည့်သည့် အရွက်ကျော်၊ ငါးဟင်းစသည်တို့ကို ထောင်အာဏာပိုင်များက ပေးခွင့်မပြုခဲ့ကြောင်း ဆိုပါသည်။ ထောင်ဆရာဝန်များက မစုစုနွေး၏ ကျန်းမာရေးကို ဂရုတစိုက်စစ်ဆေးပေးနေသည်ဟုသိရပြီး၊ လောလောဆယ် ခေါင်း အမြဲမူးနေပြီး နှလုံးသွေးကြောကျဉ်းဝေဒနာ ခံစားနေရကြောင်းသိရပါသည်။ လက်ဆစ်ခြေဆစ်များ ရောင်ကိုင်းနေကြောင်း နှင့်၊ ရုပ်ပိုင်းဆိုင်ရာဆုတ်ယုတ်မှုများ ရှိနေသော်လည်း၊ စိတ်ပိုင်းဆိုင်ရာအရ ခိုင်ခိုင်မာမာ ရှိနေပါသည်ဟု မိသားစုဝင် များနှင့် နီးစပ်သူများ၏အပြောအရ သိရပါသည်။

အစသို့

## ဒေါ်စုအား ပြန်လွှတ်ပေးရန်အဖွဲ့ချုပ်မှ ထပ်ဆင့်ထောက်ခံ

*၂၅ဒီဇင်ဘာ၊ ၂၀၀၅*

နေအိမ်အကျဉ်းကျနေသည့် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန်တောင်းဆိုထားသည့် အဖွဲ့ချုပ်ကြေညာချက်ကို၊ မိတ္ထီလာမြို့နယ်အဖွဲ့ချုပ်မှ ထပ်ဆင့်ထောက်ခံလိုက်ကြောင်းသိရပါသည်။ ယနေ့ကျင်းပခဲ့သည့် အဖွဲ့ချုပ်ပုံမှန်အစည်းအဝေးနှင့် ထောက်ခံပွဲကို၊ မမြင့်မြင့်အေး၏နေအိမ်တွင် ပြုလုပ်ခဲ့ကြောင်းသိရပြီး၊ အဖွဲ့ချုပ် လူငယ်တော်တော်များများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရပါသည်။ (၂၀၀၅) ခုနှစ်အတွင်း အဖွဲ့ချုပ်လုပ်ဆောင်ခဲ့သည့်လုပ်ငန်းများအပါအဝင်၊ ပြန်လည်ဝေဖန်သုံးသပ်ချက်များနှင့် (၂၀၀၆) ခုနှစ်တွင် လုပ်ဆောင်မည့် နိုင်ငံရေးရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်ဟု သိရပါသည်။ ထိုပွဲကို နယ်မြေခံအာဏာပိုင်များဘက်မှ စောင့်ကြည့်ရုံမှလွဲ၍ တစုံတရာအနှောင့်အယှက်မပေးခဲ့ကြောင်း သိရပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်လူငယ် ကိုတင်ကိုကိုထံ၊ ဒီဗွီဘီမှ ဆက်သွယ်မေးမြန်းကြည့်သည့်အခါမှာ – –

"ရှေ့လုပ်ငန်းစဉ်ဆွေးနွေးမှုတွေကို လုပ်နိုင်ဖို့အတွက်၊ ကျနော်တို့က အဖွဲ့စုံစုံညီညီနဲ့ပဲ ဒီကနေ့ အစည်းအဝေး ကိုကျင်းပနိုင်ခဲ့ပါတယ်။ အစည်းအဝေးကနေပြီးတော့ ဆုံးဖြတ်ချက် (၂) ခုချမှတ်နိုင်ခဲ့ပါတယ်။ အဲဒီဆုံးဖြတ်ချက် (၂) ခုကတော့၊ ဆုံးဖြတ်ချက် (၁) သက္ကရာဇ် (၂၀၀၆) ခုနှစ်တွင် မိတ္ထီလာမြို့နယ် အဖွဲ့ချုပ်ရုံး ဆက်လက်ဖွင့်လှစ်၍ လစဉ် (၂၅) ရက်နေ့တိုင်းတွင် မြို့နယ်အစည်းအဝေးကျင်းပရန်နှင့် လစဉ်လဆန်း (၁) ရက်နေ့တိုင်းတွင် မိတ္ထီလာခရိုင် အစည်းအဝေးကို ဆက်လက်ကျင်းပပြုလုပ်ရန် ဆုံးဖြတ်သည်။ ဆုံးဖြတ်ချက် (၂) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုမှထုတ်ပြန်သော အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းထားခြင်းမဟုတ်၍၊ ပြန်လွှတ်ပေးရန် တောင်းဆိုကြောင်းကြေညာချက်အား ကြိုဆိုထောက်ခံကြောင်း ဆုံးဖြတ်သည်။ ဆုံးဖြတ်ချက်နှစ်ခု ချမှတ်နိုင်ခဲ့ပါတယ်။"

အစသို့

## ဖားအံထောင်မှ အဖွဲ့ချုပ်လူငယ် ကိုနေကျော် ကျန်းမာရေးဆိုးရွား

*၂၆ဒီဇင်ဘာ၊ ၂၀၀၅*

ဖားအံထောင်တွင်အကျဉ်းကျခံနေရသည့်၊ နိုင်ငံရေးအကျဉ်းသား အဖွဲ့ချုပ်လူငယ် ကိုနေကျော်၏ ကျန်းမာရေးအခြေအနေဆိုးရွားနေသည်ဟု မိသားစုဝင်များ၏အဆိုအရသိရပါသည်။ ထောင်ထဲ၌ ဆေးဝါးကုသမှု ခံယူရန်အတွက် ထောင်ဆရာဝန်မရှိသဖြင့် ကုသခွင့်မရကြောင်းသိရပါသည်။ ထောင်ဝင်စာပုံမှန်သွားတွေ့နေသော ဇနီးသည်အနေဖြင့်၊ ကိုနေကျော်၏ ကျန်းမာရေးဆိုးရွားနေသည့်အကြောင်း၊ ဖားအံထောင် ထောင်ပိုင်ထံ အကြောင်းကြားရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း တွေ့ခွင့်မရကြောင်းဆိုသိရပါသည်။

ကိုနေကျော်၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ ဇနီးဖြစ်သူက၊ ရန်ကုန်မြို့ **ICRC** ရုံးသို့ သွားရောက်အကြောင်းကြားခဲ့သော်လည်း၊ ကိုနေကျော်၏ ကျန်းမာရေးအခြေအနေသည်၊ လောလောဆယ် ထူးခြားမှု မရှိသေးကြောင်း သိရပါသည်။ ကိုနေကျော်အား (၁၉၉၉) ခုနှစ်၌ ပုဒ်မ (၅–ည)၊ (၁၇–၁)၊ (၁၇–၂၀) နှင့် ထောင်ဒဏ် (၁၇) နှစ် ချမှတ်ခံခဲ့ရကြောင်းသိရပါသည်။

အစသို့

## ရွှေဂူအဖွဲ့ချုပ်ဝင် (၂) ဦး၏ အား ထပ်မံစစ်ဆေး

*၂၇ဒီဇင်ဘာ၊ ၂၀၀၅*

ပြီးခဲ့သည့်လအတွင်းက ဖမ်းဆီးခံခဲ့ရသည့် ရွှေဂူမြို့နယ်အဖွဲ့ချုပ်ဝင် (၂) ဦး၏အမှုကို ယနေ့ မြို့နယ်တရားရုံးတွင် ထပ်မံစစ်ဆေးခဲ့ကြောင်း သိရပါသည်။ ယနေ့ရုံးချိန်းတွင် အဖမ်းခံထားကြရသော ရွှေဂူမြို့နယ်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့အတွက် မန္တလေးတိုင်းအဖွဲ့ချုပ်က တာဝန်ပေးအပ်ထားသော ရှေ့နေဦးမျိုးဆွေ ရောက်ရှိ လာပြီး အမှုအတွက်လိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်း သိရပါသည်။

သို့သော် ယနေ့ရုံးချိန်းတွင် ဦးကိုကိုမြင့်တို့အားမစစ်ဆေးသေးဘဲ အစိုးရသက်သေများကိုသာ စစ်ဆေးခဲ့သည့်အကြောင်း ဦးကိုကိုမြင့်၏ဇနီး ဒေါ်ခင်သဲက ယခုလို ပြောပြခဲ့ပါသည်။

"ပြီးခဲ့တဲ့ရုံးချိန်းတုန်းက ရယကကို စစ်တယ်။ ရယကအဖွဲ့ဝင်တယောက်ကို အရင်ဆုံး စစ်တယ်။ ဒီနေ့ကြတော့ ဥက္ကဌကို စစ်တယ်။ ဦးကိုကိုမြင့်ဟာ ကိုယ့်ကျင့်တရားကောင်းပြီး၊ ဒီလို ကျော်ဇောသတင်းမရှိတဲ့အကြောင်း အဲဒီလိုပဲ ထွက်ပေးတယ်။ ဦးကိုကိုမြင့်ဟာ ဘုရားတရားလုပ်ပြီးတော့ ဘုရားဂေါပကလုပ်တဲ့အကြောင်း၊ နောက်ပြီးတော့ ကျော်ဇော

သတင်းမရှိတဲ့အကြောင်းတွေကို အားလုံးထွက်ပေးတယ်။ တရားခံဘက်ကသက်သေတွေတော့ မသွင်းရသေးဘူး။ ကျမတို့ဘက်က သက်သေတွေကတော့ ဘုရားလူကြီးတွေသွင်းမှာပါ။ ဂေါပကလူကြီးတွေ သွင်းမှာ။ သူတို့က ည (၁၂) နာရီလောက်မှာ ဖမ်းတယ်ဆိုတော့၊ ဘေးသက်သေဆိုတာက ဘယ်သူမှ မသိတဲ့အချိန်ဖြစ်နေတော့ အဲဒါကြောင့် ကျမတို့ မိသားစုသက်သေသွင်းရမယ်။ အစိုးရသက်သေဘက်ကကို ကုန်အောင်မစစ်ရသေးဘူး။ ရဃကအဖွဲ့ဝင်ဘက်ကလည်း (၂)ယောက်ကျန်သေးတယ်။ နောက် စာရွက်စာတမ်းတွေလည်း အားလုံးအပြည့်အစုံ မရသေးဘူးပြောတယ်။ ဦးကိုကိုမြင့်ကို ကိုယ်တိုင်မစစ်ရသေးဘူး။ နောက်ပိတ်ဆုံးမှ စစ်မယ်လို့ပြောတယ်။ နောက် ဇန်နဝါရီ (၁၀) နေ့လောက်မှာ ပြန်ပြီးတော့ ချိန်းတယ်။”

အဖွဲ့ချုပ်ရှေ့နေ ဦးမျိုးဆွေ၊ အမှုအတွက် လိုက်ပါဆောင်ရွက်ပေးသည့်အတွက် ဝမ်းသာ အားတက် မိကြောင်းကိုလည်း ဒေါ်ခင်သဲက အောက်ပါအတိုင်းဆက်ပြောပြသွားပါသည်။

“ရှေ့နေကြီးက၊ သူက နိုင်ငံရေးလုံ့ဆော်စည်းရုံးဖို့လာတာမဟုတ်ဘူး။ ဒီအမှုမှာ ဦးကိုကိုမြင့်နဲ့ဦးသိန်းဇော်တို့ကို မှုးယစ်ဆေးမှုနဲ့ ဖမ်းဆီးသွားတဲ့ကိစ္စအတွက် အမှုမှန်ပေါ်ပေါက်ရေးကို၊ ရွှေဂူမြို့နယ်တရားရုံးအတွက်အကူအဖြစ်နဲ့ လိုက်ပါဆောင်ရွက်ပေးတယ်ဆိုတဲ့အကြောင်းပြောတယ်။ ရုံးရောက်ကတည်းက ရှေ့နေကြီးက အမှုမှန်ပေါ်ပေါက်ရေး အတွက်ကို ကူညီပြီးတော့၊ အကုန်လုံးစွမ်းဆောင်လုပ်သွားတာပါ။ ကျမတို့အတွက် တအားကို အားလည်းရှိစေတယ်။ အားလည်းတက်ရတယ်။ ဦးကိုကိုမြင့်နဲ့ဦးသိန်းဇော်တို့ကလည်း အဲဒါကိုပဲ အားတက်နေတာ။ သူတို့ မတရားလုပ်ပြီးတော့ ချုရင်လည်းချုပါစေ၊ အခုငါတို့ဘက်က အဖွဲ့ချုပ်ကနေလွှတ်တဲ့ မားမားမတ်မတ် ရှေ့နေကောင်းတယောက်၊ ဒီလိုမျိုး လာပြီးတော့မှ အမှုစစ်သွားတဲ့ဟာကို သူတို့ကျေနပ်တယ်။ တအားကို အားတက်တယ်လို့ ပြောတယ်။ သူတို့ဘဝမှာ သူတို့လုပ်ဆောင်ခဲ့တဲ့ဟာတွေက အခုလို အသိမှတ်ပြုပြီးတော့မှ ဂရုစိုက်ခြင်းခံရတဲ့အတွက်ကို၊ သူတို့ အတိုင်းထက်အလွန်ဝမ်းသာတယ်။ အဲဒါကြောင့်မို့ သူတို့ လုပ်ခဲ့တဲ့ဟာက ဘယ်လိုပဲဖြစ်ဖြစ် ကျေနပ်တယ်လို့ ပြောတယ်။”

ရွှေဂူမြို့နယ် တွဲဖက်အတွင်းရေးမှူး ဦးကိုကိုမြင့်နှင့် မြို့နယ်စည်းဦးသိန်းဇော်တို့၏ ခြံထဲ၌ ဘိန်းထုပ်ဟုယူဆရသည့် အထုပ်တထုပ်တွေ့သည်ဆို၍၊ လွန်ခဲ့သည့်လ (၂၀) ရက်နေ့တွင် နယ်မြေခံရဲက ဖမ်းဆီးခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် မူးယစ်ဆေးဝါးပုဒ်မဖြင့် စွဲချက်တင်ထားပြီး အမှုကိုဆက်လက် စစ်ဆေးနေပါသည်။

အစသို့

## ရှမ်းမျိုးဆက်သစ်မှ (၂) ဦးမိသားစုနှင့် တွေ့ခွင့်ရ

*၂၈ဒီဇင်ဘာ၊ ၂၀၀၅* ရှမ်းအဖွဲ့ချုပ် ဥက္ကဌဦးခွန်ထွန်းဦးနှင့်အတူ ဖမ်းဆီးခံရပြီး နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံရသော ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်းနှင့် ဦးခွန်းထွန်းဦးတို့ (၂) ဦးအား၊ လွန်ခဲ့သည့်ရက်ပိုင်းက သက်ဆိုင်ရာမိသားစုများနှင့် တွေ့ခွင့်ရခဲ့ကြောင်းသိရပါသည်။ အယူခံကိစ္စအတွက်ရှေ့နေ ကိုယ်စားလှယ် လွှဲစာပါ၊ တပါတည်းရရှိခဲ့သည်ဟု ဆိုပါသည်။ ဦးမြင့်သန်းသည် လောလောဆယ် ရခိုင်ပြည်နယ် သံတွဲ ထောင်မှာရှိနေပြီး ဦးညိုထွန်းဦးမှာ၊ ဘူးသီးတောင်ထောင်၌ ရှိကြောင်းသိရပါသည်။ ထိုသူတို့အတွက် အယူခံကိစ္စကို အဖွဲ့ချုပ်ရှေ့နေကြီး ဦးအောင်သိန်းက ဆက်လက်ဆောင်ရွက် နေသည်ဟုသိရပါသည်။

ယခုနှစ် ဖေဖေါ်ဝါရီလအတွင်းက ဖမ်းဆီးခံရပြီး နိုဝင်ဘာလ (၃)ရက်နေ့တွင် နှစ်ရှည် ထောင်ချခံရသူ ရှမ်းခေါင်းဆောင် စုစုပေါင်း(၉)ဦးရှိပြီး ယင်းတို့အထဲမှ စိုင်းမျိုးဝင်းထွန်းနှင့် စဝ်သာဦးတို့အား မည်သည့်ထောင်သို့ ပို့ထားကြောင်း၊ ယခုချိန်ထိ မသိရသေးသည့်အတွက် မိသားစုဝင်များ အနေဖြင့် ထောင်ဝင်စာတွေ့ရန် အခက်အခဲဖြစ်နေကြောင်း အဖွဲ့ချုပ်ရှေ့နေများ၏ အဆိုအရသိရပါသည်။

အစသို့

## စစ်ကြောရေးစခန်းများရှိ နိုင်ငံရေးအကျဉ်းသားများအခြေအနေ

*၃၁ဒီဇင်ဘာ၊ ၂၀၀၅* (၂၀၀၅) ခုနှစ်အတွင်း နအဖအကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်းများ၌ နိုင်ငံရေးအကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်မှုခံရခြင်းများနှင့်စပ်လျဉ်း၍၊ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ ယနေ့နေ့စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်ပါသည်။ အဆိုပါကြေညာချက်နှင့်စပ်လျဉ်း၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင်ရှောက်ရေးအသင်းမှ အတွင်းရေးမှူးကိုတိတ်နိုင်အား ဆက်သွယ်မေးမြန်းကြည့်ရာ – –

“၂၀၀၅ ခုနှစ်မှာ နအဖ က နိုင်ငံရေးအကျဉ်းသားတွေကို စနစ်တကျသတ်ဖြတ်နှိပ်စက်တာ၊ လူ့အခွင့်အရေးချိုးဖေါက်တာနဲ့ပတ်သက်လို့ နိုင်ငံတကာမှာရော၊ အဖွဲ့အစည်းအချင်းချင်းကြားထဲမှာရော မြန်မာပြည်သူ တွေကြားထဲမှာရော နှိုင်းယှဉ်ချိန်ထိုးကြည့်လို့ရအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ရှင်းရှင်းလင်းလင်း တိတိကျကျသိရအောင် ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ဥပမာဆိုရင် မြန်မာပြည်မှာ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ အဖွဲ့အစည်း ၃ ခုရှိပါတယ်။ အိုင်စီအာစီ၊ အေအိုင် နဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာ ပီညဲရိုးပေ့ါ။ သို့ပေမယ့် နအဖ က ဒီအဖွဲ့အစည်း တွေကို လုံးဝလှုပ်ရှားလို့မရအောင် ပိတ်ပင်နေတဲ့ကိစ္စတွေကိုပေါ်လွင်စေချင်တယ်။ နောက်တစ်ခုက ဒီနှစ်ထဲမှာကို စစ်ကြောရေးစခန်းနဲ့ အကျဉ်းထောင်ထဲမှာ ၇ ဦး အသက်ဆုံးရှုံးခဲ့ရတယ်။ ဒါတွေဟာ တကယ့်တကယ် အခြေအနေပိုဆိုးရွားလာရင် ပိုပြီးဖိနှိပ်လာတာ၊ ပိုပြီးတင်းကျပ်လာတာဆိုတဲ့ဟာကိုပေါ်လွင်စေချင်တယ်။”

ဆက်လက်၍ အကျဉ်းကျခံနေရဆဲ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ၂၀၀၆ ခုနှစ်မှာ ပြန်လွတ်ဖို့ ရာလည်း အောက်ပါအတိုင်းပြောကြားခဲ့ပါသည်။

“နအဖ ရဲ့ နိုင်ငံရေးကစားကွက်အောက်မှာ ဓားစာခံဖြစ်နေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံး အမြန်ဆုံးလွတ်မြောက်အောင် ကျနော်တို့ဖန်တီးချင်ပါတယ်။ ကျနော်တို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆက်လက်ကြိုး ပမ်းသွားမှာပါ”

ညှဉ်းပန်းနှိပ်စက်မှုများပတ်သက်၍ ဖြတ်သန်းခဲ့ရသည့်အိပ်မက်ဆိုး ဆိုသည့်စာအုပ်ကိုလည်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ ၊ မကြာသေးမီကထုတ်ဝေခဲ့ကြောင်းသိရပါသည်။

အစသို့

***************************************************************************
***************************************************************************